စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ (၃) နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ၌ ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်စဉ် ကိုရီးယားသမ္မတနိုင်ငံအစိုးရ၏ အကူအညီဖြင့် ကိုရီးယားနိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ (KOTRA- Korea Trade-Investment Promotion Agency) ကဲ့သို့ မြန်မာနိုင်ငံကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာန ထူထောင်ရန်အတွက် နှစ်နိုင်ငံအကြီးအကဲများဆွေးနွေး၍ အကူအညီပေးရန် သဘောတူညီမှုရရှိခဲ့ပါသည်။

၂။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ တည်ထောင်ရေးစီမံကိန်းအတွက် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA-Korea International Cooperation Agency) ၏ ODA အထောက်အပံ့နှင့် ကိုရီးယားနိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ (KOTRA - Korea Trade - Investment Promotion Agency) ၏အကူအညီဖြင့် မြန်မာနိုင်ငံ တွင်ကုန်သွယ်မှုနှင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) ပိုမိုတိုးမြှင့် နိုင်စေရန်၊ ကုန်သွယ်မှုနှင့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများ အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ စက်မှုကဏ္ဍတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းပြိုင်ဆိုင်မှု ပိုမိုခိုင်မာလာစေရန်၊ ကုန်ထုတ်လုပ်ငန်းမှ ပို့ကုန်

အမယ်များ တိုးမြှင့်ရေးဆောင်ရွက်နိုင်ရန်၊ SME လုပ်ငန်းများအတွက် ပို့ကုန်ဈေးကွက်သစ် ရှာဖွေနိုင်ရန်၊ သတင်းအချက်အလက်နည်းပညာ (IT) ဆိုင်ရာ ဝန်ဆောင်မှုများပေးရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး စီးပွားရေးစဉ်ဆက်မပြတ်တိုးတက်ရေးကို အထောက်အကူပြု နိုင်ရန်အတွက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myanmar Trade Promotion Organization – MYANTRADE) ကို ဖွဲ့စည်းခဲ့ရခြင်းဖြစ်ပါသည်။

၃။ ပို့ကုန်ဦးဆောင်သောဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကိုကျင့်သုံး၍ မြန်မာ့စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးခြင်းဖြင့် မြန်မာနိုင်ငံအား ဒေသတွင်းကုန်သွယ်မှု၌ ယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန် မျှော်မှန်းချက်ဖြင့် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဌာနအသစ်ဖြစ်သည်နှင့်အညီ ဌာန၏ပင်မလုပ်ငန်းဖြစ်သော ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ စနစ်တကျ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရုံးချုပ်/ဌာနခွဲများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကုန်သွယ်မှုဗဟိုဌာနများ (Trade Centres) ကို ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ဖွဲ့စည်းပုံ



ရည်မှန်းချက်(Mission)

၄။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ရည်မှန်းချက်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် –

(က) ဒေသတွင်းနှင့်ကမ္ဘာ့ဈေးကွက်များတွင် ထိရောက်စွာ ယှဉ်ပြိုင်နိုင်စွမ်းရှိရေး ပြည်တွင်းကုမ္ပဏီများကို စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် မြန်မာ့ကုန်သွယ်မှုနှင့် ပို့ကုန်ကို မြှင့်တင်ရန်။

(ခ) ကုန်စည်နှင့်ဝန်ဆောင်မှုများကို “ မြန်မာပြည်တွင်ပြုလုပ်သည် ” ဟူသော အမှတ်တံဆိပ်ကို မြှင့်တင်ရန်။

လုပ်ငန်းတာဝန်များ

၅။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များ

(၁) ပို့ကုန်ဝင်ငွေတိုးတက်ရရှိရေးဦးဆောင်ကြိုးပမ်းရန်။

(၂) ပို့ကုန်အမျိုးအစားစုံလင်စွာတိုးချဲ့တင်ပို့နိုင်စေရန်။

(၃) တန်ဖိုးမြှင့်ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်စေရန်။

(၄) ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရန်။

(၅) ပို့ကုန်ဈေးကွက်ပိုမိုကျယ်ပြန့်လာစေရန်။

(၆) ဈေးကွက်ဝင်ရောက်မှု လွယ်ကူချောမွေ့စေရန်။

(၇) ကုန်သွယ်မှုပတ်ဝန်းကျင်ကောင်းတည်ဆောက်ပေးရန်။

(ခ) ဌာန၏ လုပ်ငန်းတာဝန်များ

(၁) အထူးစီးပွားရေးဇုန်များ ဆောင်ရွက်ရန်

(၂) ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်ရန်

(၃) Doing Business လုပ်ငန်းများတိုးတက်ရေး ဆောင်ရွက်ရန်

(၄) စီးပွားရေးသံမှူးများ ကြီးကြပ်ရေးဆောင်ရွက်ရန်

(၅) ပြည်တွင်းကုန်သွယ်မှုဗဟိုဌာနများဖွင့်လှစ်၍ ဝန်ဆောင်မှုပေးရေး ဆောင်ရွက်ရန်

အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy–NES)

၆။ အမျိုးသားအဆင့်ပို့ကုန်မဟာဗျူဟာ (National Export Strategy–NES) ရေးဆွဲ အကောင်အထည်ဖော်ရေးလုပ်ငန်းစီမံချက်ကို ၂၀၁၃ ခုနှစ် အစောပိုင်းကာလကပင် ဂျာမဏီနိုင်ငံ GIZ ၏ အထောက်အပံ့နှင့် နိုင်ငံတကာ ကုန်သွယ်မှုစင်တာ (International Trade Center – ITC) ၏ နည်းပညာ အကူအညီတို့ဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။

၇။ NES အတွက် ရွေးချယ်ထားသောအကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးစားပေးကဏ္ဍများမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ဦးစားပေးကဏ္ဍများ (ကုန်စည်) (Priority Sector–Goods) (၅) မျိုး
- (၁) ဆန်စပါး
- (၂) ပဲမျိုးစုံနှင့်ဆီထွက်သီးနှံ
- (၃) ရေထွက်ကုန်လုပ်ငန်း
- (၄) အထည်အလိပ်နှင့် အဝတ်အထည်
- (၅) သစ်တောထွက်ပစ္စည်း

(ခ) ဦးစားပေးကဏ္ဍများ (ဝန်ဆောင်မှု) (Priority Sector–Services) (၁) မျိုး
- (၁) ခရီးသွားလုပ်ငန်း

(ဂ) ဖွံ့ဖြိုးရန်အလားအလာရှိသည့်ကဏ္ဍ (Emerging Sector) (၁) မျိုး
- (၁) ရော်ဘာလုပ်ငန်း

(ဃ) ဦးစားပေးကဏ္ဍများကို အထောက်အကူပြုဝန်ဆောင်မှု ကဏ္ဍများ (Cross–Sector) (၄) မျိုး
- (၁) ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေး
- (၂) ကုန်သွယ်မှုသတင်းအချက်အလက်နှင့်ဝန်ဆောင်မှု
- (၃) အရည်အသွေးစီမံခန့်ခွဲမှု
- (၄) ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး

၈။ ဦးစားပေးကဏ္ဍတစ်ခုခြင်းအတွက် မဟာဗျူဟာရေးဆွဲခဲ့ရာတွင် ထုတ်လုပ်ရောင်းချမှုပိုင်း (Supply Side)၊ စီးပွားရေး လုပ်ငန်းပတ်ဝန်းကျင်ပိုင်း (Business environment)၊ ဈေးကွက်ဝင်ရောက်မှုပိုင်း (Market entry) တို့တွင်တွေ့ကြုံရသော စိန်ခေါ်မှုအခက်အခဲများကို လေ့လာဆန်းစစ်၍ ဆောင်ရွက်ရမည့် အသေးစိတ်လုပ်ငန်းစီမံချက်များကို ဖော်ထုတ်ချမှတ်ထားပြီးဖြစ်ပါသည်။ အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ရွေးချယ်ထားသောဦးစားပေးကဏ္ဍအလိုက် ဒီဇိုင်းရေးဆွဲခြင်း လုပ်ငန်းများပြီးစီးပြီဖြစ်ရာ အကောင်အထည်ဖော်မည့်ကာလကို ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ၅ နှစ်ကာလ သတ်မှတ်လျာထားပါသည်။

ကဏ္ဍအားလုံး၏အနှစ်ချုပ်


NATIONAL EXPORT STRATEGY
OF THE REPUBLIC OF THE UNION
OF MYANMAR • 2015-2019
Myanmar Ministry of Commerce
International
Trade
Centre

ဆန်စပါးကဏ္ဍ



Myanmar Ministry of Commerce

International Trade Centre

ရေထွက်ကုန်လုပ်ငန်းကဏ္ဍ

REPUBLIC OF THE UNION OF MYANMAR

NATIONAL EXPORT STRATEGY

FISHERIES

SECTOR STRATEGY 2015-2019

Myanmar Ministry of Commerce

International Trade Centre

ပဲမျိုးစုံနှင့်ဆီထွက်သီးနှံကဏ္ဍ



အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ



သစ်တောထွက်ပစ္စည်းကဏ္ဍ



REPUBLIC OF THE UNION OF MYANMAR

NATIONAL EXPORT STRATEGY

FORESTRY PRODUCTS

SECTOR STRATEGY 2015-2019

Myanmar Ministry of Commerce

International Trade Centre

ခရီးသွားလုပ်ငန်းကဏ္ဍ



REPUBLIC OF THE UNION OF MYANMAR

NATIONAL EXPORT STRATEGY

TOURISM

SECTOR STRATEGY 2015-2019

Myanmar Ministry of Commerce

International Trade Centre

ရော်ဘာလုပ်ငန်းကဏ္ဍ


REPUBLIC OF THE UNION OF MYANMAR

NATIONAL EXPORT STRATEGY

RUBBER

SECTOR STRATEGY 2015-2019

Myanmar Ministry of Commerce

International Trade Centre

REPUBLIC OF THE UNION OF MYANMAR

NATIONAL EXPORT STRATEGY

ACCESS TO FINANCE

CROSS-SECTOR STRATEGY 2015-2019

Myanmar Ministry of Commerce

International Trade Centre

ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ

REPUBLIC OF THE UNION OF MYANMAR

NATIONAL EXPORT STRATEGY

TRADE INFORMATION

CROSS-SECTOR STRATEGY 2015-2019

Myanmar Ministry of Commerce

International Trade Centre

အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

REPUBLIC OF THE UNION OF MYANMAR

NATIONAL EXPORT STRATEGY

QUALITY MANAGEMENT

CROSS-SECTOR STRATEGY 2015-2019

Myanmar Ministry of Commerce

International Trade Centre

ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့်ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ

REPUBLIC OF THE UNION OF MYANMAR

NATIONAL EXPORT STRATEGY

TRADE FACILITATION
AND LOGISTICS
CROSS-SECTOR STRATEGY 2015-2019

Myanmar Ministry of Commerce

International
Trade
Centre

အမျိုးသားပို့ကုန်မဟာဗျူဟာအကြောင်းအကျဉ်းချုပ်အသိပညာပေးစာစောင်
ကိုအင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့်ထုတ်ဝေဖြန့်ချီ

ရန်ပုံငွေနှင့်နည်းပညာအကူအညီရရှိရေးကဏ္ဍ(၁၁)ခုအတွက်
စီမံကိန်းအဆိုပြုလွှာ (၃၅)ခုရေးဆွဲပြီး Roundtable table meeting of
Implementing partners စီစဉ်ကျင်းပ၍
ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့်စီမံကိန်းအဆိုပြုလွှာများအကြောင်းဆွေးနွေးစဉ်

Roundtable Meetingတွင် ညွှန်ကြားရေးမှူးချုပ်မှအဖွင့်အမှာစကားပြောကြားစဉ်

Round Table Disscussion များပြုလုပ်ဆွေးနွေးစဉ်

Round Table Disscussion များပြုလုပ်ဆွေးနွေးစဉ်

ဖွံ့ဖြိုးမှုမိတ်ဖက်များ ဆွေးနွေးပွဲတက်ရောက်ကြစဉ်

ဖွံ့ဖြိုးမှုမိတ်ဖက်များ ဆွေးနွေးပွဲတက်ရောက်ကြစဉ်

ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့များနှင့်အကြိုတွေ့ဆုံဆွေးနွေးခြင်း

ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့များနှင့်အကြိုတွေ့ဆုံဆွေးနွေးခြင်း

ဆန်စပါးလုပ်ငန်းကဏ္ဍမှလုပ်ငန်းအဖွဲ့ဝင်များဆွေးနွေးကြစဉ်

ပဲမျိုးစုံကဏ္ဍလုပ်ငန်းအဖွဲ့ဝင်များဆွေးနွေးကြစဉ်

ရော်ဘာလုပ်ငန်းကဏ္ဍလုပ်ငန်းအဖွဲ့ဝင်များဆွေးနွေးကြစဉ်

ရေထွက်ကုန်ကဏ္ဍမှလုပ်ငန်းအဖွဲ့များတွေ့ဆုံဆွေးနွေးကြစဉ်

အဝတ်အထည်နှင့်အထည်အလိပ်ကဏ္ဍလုပ်ငန်းအဖွဲ့ဝင်များဆွေးနွေးစဉ်

အထည်အလိပ်မှ စီမံကိန်းအဆိုပြုလွှာများအကြောင်းဆွေးနွေးစဉ်

အဝတ်အထည်နှင့်အထည်အလိပ်ကဏ္ဍလုပ်ငန်းအဖွဲ့ဝင်များဆွေးနွေးစဉ်

ခရီးသွားလုပ်ငန်းကဏ္ဍလုပ်ငန်းအဖွဲ့များဆွေးနွေးကြပုံ

အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍလုပ်ငန်းအဖွဲ့ဝင်များဆွေးနွေးကြပုံ

ကုန်သွယ်မှုသတင်းအချက်အလက်ကဏ္ဍလုပ်ငန်းအဖွဲ့ဝင်များဆွေးနွေးကြစဉ်

သစ်တောထွက်ကဏ္ဍမှလုပ်ငန်းအဖွဲ့ဝင်များဆွေးနွေးကြစဉ်

ငွေကြေးဝန်ဆောင်မှုကဏ္ဍမှလုပ်ငန်းအဖွဲ့ဝင်များတွေ့ဆုံဆွေးနွေးကြစဉ်

နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန-ITCနှင့် ပူးပေါင်း၍ ကုန်သွယ်မှုလွယ်ကူ
ချောမွေ့စေရေး ဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲကျင်းပခြင်း

ကုန်သွယ်မှုလွယ်ကူ ချောမွေ့စေရေးကဏ္ဍ လုပ်ငန်းအဖွဲ့ဝင်များဆွေးနွေးကြစဉ်

Market Analysis Tools သင်တန်းပို့ချမှုမှတ်တမ်း(ရန်ကုန်မြို့)

Market Analysis Tools သင်တန်းပို့ချမှုမှတ်တမ်း(နေပြည်တော်)

ကယားပြည်နယ်အခြေပြုအားလုံးပါဝင်သောခရီးသွားလုပ်ငန်းစီမံချက်
(INCLUSIVE Tourism Focusing on Kayah State)

၉။ ဦးစားပေးကဏ္ဍများအနက် ခရီးသွားလုပ်ငန်းကဏ္ဍကို နယ်သာလန်နိုင်ငံ CBI ၏ အထောက်အပံ့ ဖြင့် ITC ၏ နည်းပညာအကူအညီကိုရယူကာ ကယားပြည်နယ်အား ဦးတည်၍ လူထုအခြေပြုခရီးသွား လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းတန်ဘိုးမှာ အမေရိကန်ဒေါ်လာ ၁.၉ သန်း ဖြစ်ပြီး ကယားပြည်နယ် ခရီးသွားလုပ်ငန်းစီမံချက်ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၁၀။ စီမံကိန်း၏ရည်မှန်းချက်မှာ ဒေသထွက်၊ ထွက်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ပို့ကုန်စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ ဒေသခံအသိုက်အဝန်းများ အကျိုးအမြတ်ရရှိရန် အားလုံးပါဝင်နိုင်သော ခရီးသွားလုပ်ငန်းမှတဆင့် မြန်မာနိုင်ငံတွင် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင် ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ရန်ဖြစ်ပါသည်။

၁၁။ စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ထွက်ပေါ်လာနိုင်မည့် ရလဒ်များကို အောက်ပါ အတိုင်း ချမှတ်ပြီးဆောင်ရွက်ခဲ့ပါသည်-

(က) ကယားပြည်နယ်ရှိ ခရီးသွားလုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု ပံ့ပိုးသူများ၏ ပို့ကုန် စွမ်းဆောင်ရည်မြှင့်တင်ခြင်း။

(ခ) ခရီးသွားလုပ်ငန်းရှင်များအသင်းအဖွဲ့များ (UMTA, MTM) နှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အသင်းအဖွဲ့များကို ၎င်းတို့၏ လုပ်ငန်းမိတ်ဘက်များသို့ လုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေး အထောက်အကူပြုဝန်ဆောင်မှုပေးခြင်းဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်း။

(ဂ) စီးပွားရေးလုပ်ငန်းချိတ်ဆက်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဖန်တီးခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်း။

၁၂။ ကယားပြည်နယ်ခရီးသွားလုပ်ငန်းသည် အမျိုးသားပို့ကုန်မဟာဗျူဟာ(NES) ၏ပထမဦးဆုံး ဆောင်ရွက်နိုင်သည့် စီမံကိန်းဖြစ်ပြီး၊ စီမံကိန်းသည်ဈေးကွက် မဟာဗျူဟာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ခဲ့ပြီး CBT စံပြပုံစံဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စီမံကိန်းဆောင်ရွက်ပြီးစီးမှုအပေါ် ရရှိလာသည့် ရလာဒ်များကို အောက်ပါအတိုင်း အကျဉ်းချုပ်သုံးသပ် တင်ပြအပ်ပါသည်-

(က) ကျေးရွာ(၄)ရွာ (ပန်ပက်၊ထနီးလာလဲ၊ ထေခို၊ ဒေါခမကြီး)တွင် ဒေသထွက်ကုန်ပစ္စည်း ဖွံ့ဖြိုးတိုးတက်စေပြီး ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းများကို ဒေသခံလူထုပါဝင်၍ ဆောင်ရွက်နိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း။

(ခ) နိုင်ငံတကာခရီးသွား ဧည့်သည်များလာရောက်မှု ၂၀၁၄ ခုနှစ်တွင် ၂၆၆၂ ဦးမှ ၂၀၁၆ ခုနှစ် တွင် ၆၃၇၄ ဦးထိ တိုးတက်မှုရှိခဲ့ခြင်း။

(ဂ) စီမံကိန်းနှင့်ပတ်သက်၍ Public-Private Dialogue ဆွေးနွေးပွဲများ ပုံမှန်ပြုလုပ်နိုင်ပြီး ဒေသတွင်း စည်းလုံးညီညွတ်မှုကို ခိုင်မြဲစေခြင်း။

(ဃ) ကယားပြည်နယ်၏ ယဉ်ကျေးမှု ဓလေ့ထုံးစံအပါအဝင် သိကောင်းစရာများ စုံလင်စွာ ပါဝင်သည့် Kayah Sales Manual နှင့် အခြား Promotional Tools များ ပြုစုဖြန့်ဝေနိုင်ခြင်း။

(င) ကယားပြည်နယ်အားအခြေခံ၍ ခရီးသွားလုပ်ငန်းတစ်ခုလုံးတွင် ပါဝင်ဆောင်ရွက်နေသူများ လိုက်နာရန်လိုအပ်သည့် အချက်အလက်များပါဝင်သော Codes of Conduct မူကြမ်းကို ပြုစုနိုင်ခြင်း။

(စ) နိုင်ငံတကာခရီးသွားလုပ်ငန်းပြပွဲများတွင် ကယားပြည်နယ်ကို Promotion ပြုလုပ်နိုင်ပြီး နိုင်ငံတကာဆုတံဆိပ်များရရှိခြင်း (ITB ဘာလင် ၊ အာဆီယံ Tourism CBT award) ၊ Tour Operator များမှ နိုင်ငံတကာခရီးသွား လုပ်ငန်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများရရှိလာခြင်း၊ ကယားပြည်နယ်ကို နိုင်ငံတကာမှ သိရှိအာရုံစိုက်လာခြင်း။

(ဆ) နယ်သာလန်နိုင်ငံ CBI အဖွဲ့အစည်းမှကယားပြည်နယ်တွင် ဆောင်ရွက်နိုင်မှုကို လေ့လာအသိအမှတ်ပြု၍ မြန်မာနိုင်ငံ၏ ကယားပြည်နယ်ရှိ ကျန်ဒေသ အချို့အပါအဝင် တနင်္သာရီ တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဆက်လက် အကောင်အထည်ဖော်ရန် အတွက် အမေရိကန်ဒေါ်လာ ၂.၉ သန်း တန်ဖိုးရှိ NTF IV စီမံကိန်း အသစ်ကို ထပ်မံပေးအပ်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်းPSCတတိယအကြိမ်အစည်းအဝေးကျင်းပခြင်း

ခရီးသွားလုပ်ငန်းPSCတတိယအကြိမ်အစည်းအဝေးတွင်
ပြည်ထောင်စုဝန်ကြီးအဖွင့်မိန့်ခွန်းပြောကြားခြင်း

ခရီးသွားလုပ်ငန်းPSCတတိယအကြိမ်အစည်းအဝေးကျင်းပခြင်း

ခရီးသွားလုပ်ငန်းPSCစတုတ္ထအကြိမ်အစည်းအဝေးကျင်းပခြင်း

ကယားပြည်နယ် ကန်ခုနှစ်ဆင့်တွင် အမှတ်တရသစ်ပင်စိုက်ပျိုးခြင်း

ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအကောင်အထည်ဖော်ခြင်း

ကယားပြည်နယ်အခြေပြုခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း
Final PSC Meeting အပြီးအမှတ်တရလက်ဆောင်ပေးအပ်ခြင်း

ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း Final PSC Meeting

ဆီထွက်သီးနှံကဏ္ဍ တန်ဘိုးကွင်းဆက်တစ်လျှောက် ပို့ကုန်ဝင်ငွေတိုးမြင့်လာစေရန် အစားအစာ လုံခြုံစိတ်ချမှုရှိရေးနှင့် အပင်ပိုးမွှား ရောဂါကင်းရှင်းရေး အစီအမံများဆိုင်ရာ စီမံကိန်း(a project for Improving food safety and compliance with SPS measures to increase export revenues in the oilseeds value chain in Myanmar)

၁၃။ ဆီထွက်သီးနှံကဏ္ဍ တန်ဘိုးကွင်းဆက်တစ်လျှောက် ပို့ကုန်ဝင်ငွေတိုးမြင့်လာစေရန် အစားအစာ လုံခြုံ စိတ်ချမှုရှိရေးနှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေးအစီအမံများဆိုင်ရာ စီမံကိန်းကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ရှိစံချိန်စံညွှန်းနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ချောမွေ့စေရေးအဖွဲ့ (STDF)မှ ငွေကြေးထောက်ပံ့ပေးပြီး နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန(ITC)မှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းတန်ဘိုးမှာ အမေရိကန်ဒေါ်လာ (၉၇၇၆၅၈) ဖြစ်ပြီးစီမံကိန်းကို မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းဒေသတို့တွင် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်နေ့ အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၁၄။ စီမံကိန်းအတွက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထွက်ပေါ်လာနိုင်မည့်ရလဒ်များကို အောက်ပါအတိုင်း ချမှတ်ပြီးဆောင်ရွက်ခဲ့ပါသည်-

(က) သီးနှံစိုက်ပျိုးတောင်သူများ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းနှင့် အပင်ပိုးမွှား ရောဂါကင်း ရှင်းရေး တိုင်းထွာချက်များနှင့်အညီ အရည်အသွေးမြင့်မား လာစေရန်။

(ခ) အရည်အသွေးမီမျိုးစေ့များ ခွဲခြားသတ်မှတ်မှုဆိုင်ရာ စွမ်းရည်နှင့် ကောင်းမွန် သော ရိတ်သိမ်း သိုလှောင်မှုဆိုင်ရာ အလေ့အကျင့်များ တိုးတက်လာစေရန်။

(ဂ) ဆီထွက်သီးနှံပြုပြင် ထုတ်လုပ်ရာတွင် GHP, GMP,HACCP များကိုအခြေခံ၍ အစားအစာ လုံခြုံစိတ်ချမှုစနစ်များ အတွက် စွမ်းဆောင်ရည် တိုးမြှင့်လာစေရန်။

(ဃ) ပို့ကုန်ဈေးကွက်သို့ တန်ဘိုးကွင်းဆက်တလျှောက် ချိတ်ဆက်ဆောင်ရွက်မှုများ တိုးတက်လာစေရန်။

၁၅။ ဆီထွက်သီးနှံကဏ္ဍ တန်ဘိုးကွင်းဆက်တစ်လျှောက် ပို့ကုန်ဝင်ငွေတိုးမြင့်လာစေရန် အစားအစာ လုံခြုံစိတ်ချမှုရှိရေးနှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေး အစီအမံများဆိုင်ရာ စီမံကိန်းကို ဆီထွက်သီးနှံများစိုက်ပျိုးထွက်ရှိရာ နယ်မြေဖြစ်သည့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း နှင့်မန္တလေးတိုင်းတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ စီမံကိန်းဆောင်ရွက်ပြီးစီးမှုအပေါ် ရရှိလာသည့်ရလာဒ်များကို အောက်ပါအတိုင်းအကျဉ်းချုပ် သုံးသပ်တင်ပြ အပ်ပါ သည်–

(က) စီမံကိန်းဝင် တောင်သူ (၄၈၀)ဦးကို GAPသင်တန်းများ ပေးအပ်နိုင်ခဲ့ပါသည်။

(ခ) ဆီထွက်သီးနှံ ဝယ်ယူစုဆောင်းသူများအတွက် ကုန်လှောင်ရုံများ အရည်အသွေးနှင့် အစားအသောက် အန္တရာယ် ကင်းရှင်းရေး ဆိုင်ရာ လက်စွဲစာအုပ်များနှင့် အသုံးချ လက်စွဲကိရိယာများကို စီမံကိန်းဝင်းသိုလှောင်ရုံများနှင့် ကုန်စည်ဒိုင်များကို ပေးအပ်နိုင်ခဲ့ပါသည်။

(ဂ) စီမံကိန်းဝင် ဆီစက်များကို သင်တန်းများပေးအပ်ခဲ့၍ ဆီစက်များက အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေး အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံး ရေးဆိုင်ရာ နိုင်ငံတကာ အသိအမှတ် ပြု(HACCP) လက်မှတ်ရရှိရေးကို စီမံကိန်း မှပံ့ပိုးပေးခဲ့ ပါသည်။

(ဃ) စီမံကိန်းဝင်ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများ၊ စက်ပိုင်များ၊ ပို့ကုန်လုပ်ငန်း ရှင်များ၊ စီမံကိန်းမှ လေ့ကျင့်သင်ကြားပေးထားသည့် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍမှ တိုးချဲ့ ပညာပေးရေးအရာရှိများ၊ အကြံပေးအလုပ်သင်များ၊ အစိုးရနှင့်

ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ် (၁၇)ဦးကို ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးစဉ် တစ်ခုကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ အတွင်း စေလွှတ်နိုင်ခဲ့ပါသည်။

(င) Aflatoxin မှိုဆိပ်ထိန်းချုပ်နိုင်ရေးအတွက်ဆီစက်၊ ပွဲရုံ၊ ဂိုဒေါင်နှင့် တောင်သူများ ထံမှ မြေပဲဆံ၊ မြေပဲဆီ နှင့် ပဲဖတ် နမူနာများကို MITSမှ Codex Aflatoxin Sampling Method ဖြင့် စနစ်တကျကောက်ယူ၍ ဂျာမနီနိုင်ငံဓာတ်ခွဲခန်းသို့ ပေးပို့ စစ်ဆေးခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆီထွက်သီးနှံကဏ္ဍပို့ကုန်ဝင်ငွေတိုးမြင့်ရေးစီမံကိန်းလက်မှတ်ရေးထိုးခြင်း

ဆီထွက်သီးနှံကဏ္ဍပို့ကုန်ဝင်ငွေတိုးမြင့်ရေးစီမံကိန်းလက်မှတ်ရေးထိုးပြီး
မှတ်တမ်းဓါတ်ပုံ

ဆီထွက်သီးနှံကဏ္ဍပို့ကုန်ဝင်ငွေတိုးမြင့်ရေးစီမံကိန်းအကောင်အထည်ဖော်ခြင်း

ဆီထွက်သီးနှံကဏ္ဍPSC ပထမအကြိမ်အစည်းအဝေးကျင်းပခြင်း

Roundtable CBI–Assisting the Pulses,Oilseeds and Edible Oil Sector in Myanmar

ဆီထွက်သီးနှံကဏ္ဍပို့ကုန်ဝင်ငွေတိုးမြင့်ရေးစီမံကိန်းHACCP
အလုပ်ရုံဆွေးနွေးပွဲ

ဆီထွက်သီးနှံစီမံကိန်း စတုတ္ထအကြိမ်မြောက် PSC အစည်းအဝေး

ဆီထွက်သီးနှံစီမံကိန်း ပဥ္စမအကြိမ်မြောက် PSC အစည်းအဝေး

ဆီထွက်သီးနှံကဏ္ဍပို့ကုန်ဝင်ငွေတိုးမြင့်ရေးစီမံကိန်းHACCPသင်တန်းပို့ချခြင်း

HACCP လက်မှတ်ရရှိရေးကွင်းဆင်းဆောင်ရွက်ခြင်း

ဆီထွက်သီးနှံကဏ္ဍပို့ကုန်ဝင်ငွေတိုးမြင့်ရေးစီမံကိန်းGAP သင်တန်းပို့ချခြင်း

ဆီထွက်သီးနှံကဏ္ဍပို့ကုန်ဝင်ငွေတိုးမြင့်ရေးစီမံကိန်းGAP သင်တန်းပို့ချခြင်း

ကွင်းဆင်းဆောင်ရွက်ခြင်းများ

International
Trade
Centre
COMMERCE
STDF
TRAINERS CUM
COUNSELLOR (TCCs)
PROFILE DATABASE
STDF PG 486
Improving Food Safety and compliance with SPS measures to increase export revenues in Myanmar Oilseeds Value Chain

Study Tour to Thailand
ITC
TRADE IMPACT
FOR GOOD
23
14

ဆီထွက်သီးနှံစီမံကိန်းနှင့်သက်ဆိုင်သည့်
လက်စွဲစာအုပ်၊ ကာတွန်းပိုစတာများဖြန့်ဝေပေးခြင်း

ဆီထွက်သီးနှံ ကဏ္ဍအတွေ့အကြုံများမျှဝေခြင်းနှင့် ရလာဒ်များ ရေရှည်
တည်တံ့ရေးအတွက် ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု
အလုပ်ရုံဆွေးနွေးပွဲနှင့် အက်ဖလာတောက်ဆင် ထိန်းချုပ်မှု
ရွေးထုတ်အကြံပြုသွားခြင်း

ဆီထွက်သီးနှံ ကဏ္ဍအတွေ့အကြုံများ မျှဝေခြင်းနှင့်ရလာဒ်များ ရေရှည်
တည်တံ့ရေးအတွက် ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးစီမံကိန်း
ဆောင်ရွက်ပြီးစီးမှုအလုပ်ရုံဆွေးနွေးပွဲ



ဆီထွက်သီးနှံကဏ္ဍအတွေ့အကြုံများမျှဝေခြင်းနှင့်ရလာဒ်များ
ရေရှည်တည်တံ့ရေးအတွက်ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးစီမံကိန်းဆောင်ရွက်
ပြီးစီးမှုစကားဝိုင်း အလုပ်ရုံဆွေးနွေးပွဲ

ပြည်ပသို့ ဆီနှင့်ဆီထွက်သီးနှံများတင်ပို့နိုင်ရေးအတွက်ဆီထွက်သီးနှံကုမ္ပဏီ
လုပ်ငန်းရှင်များ Booklet ပြင်ဆင်ခြင်းနှင့်အချောသတ်ရေးဆွဲ
Booklet for Oilseed Exporters

International Trade Centre

STDF Standards and Trade Development Facility

Myanmar Ministry of Commerce

STDF 486

IMPROVING FOOD SAFETY AND COMPLIANCE WITH SPS MEASURES TO INCREASE EXPORT REVENUES IN THE OILSEEDS VALUE CHAIN IN MYANMAR

JANUARY - DECEMBER 2016 – ISSUE N°2

The STDF project on improving food safety and compliance with SPS measures along the oilseed sector value chain was launched in October 2015, with the aim of addressing food safety and SPS-related issues to increase export revenues of stakeholders along the oilseeds value chain in Myanmar.

Through these newsletters, the reports on the progress of the ongoing project are made available to the beneficiaries involved and to all other interested parties.

Improving compliance with GAP and SPS measures by farmers

Activity 1.1 - Baseline Collection

Dec. 2015 – Apr. 2016

At the beginning of the project, a robust collection of baseline data of oilseeds has been conducted along the entire supply chain, to identify the training and capacity building intervention at different levels (farmers, enterprises and institutions).

The baseline data collection, carried out by the National Baseline Consultant, *Ms. Aye Aye Khaing* with the support of the National Project Manager *Ms. Thit Thit Lwin*, has been focused in the most productive area of

ဆီထွက်သီးနှံကဏ္ဍပို့ကုန်ဝင်ငွေတိုးမြင့်ရေးစီမံကိန်း၏ GAP, HACCP, GMP သင်တန်းများပေးခြင်းနှင့် သတင်းလွှာထုတ်ပြန်

(Newsletter for Oilseed Project)

ကုန်သွယ်မှုဗဟိုဌာနများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ

၁၆။ ကုန်သွယ်မှုဗဟိုဌာနများကိုနိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်တွင်းမှ လုပ်ငန်းရှင်များ ချိတ်ဆက်၍ သတင်းအချက်အလက် ဖြန့်ဝေပေးရန်နှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။

၁၇။ ရန်ကုန်မြို့ရှိ မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ကို ၂၁.၆.၂၀၁၄ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကုန်သွယ်မှုဗဟိုဌာနများဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲများ၊ အပြည်ပြည်ဆိုင်ရာဈေးကွက် ရှာဖွေရေးကိစ္စရပ်များ၊ ပြည်တွင်း/ပြည်ပ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်းများ၊ ကုန်သည်အသင်းများနှင့် ပူးပေါင်း၍ ပညာပေးသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ အာဆီယံ-ဂျပန်စင်တာ (AJC)၊ အာဆီယံ-ကိုရီးယား စင်တာ(AKC) တို့နှင့် ပူးပေါင်း၍ ကုန်စည်ပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊ သတင်းဗဟိုဌာန၏ ဝန်ဆောင်မှု လုပ်ငန်းများကို ပုဂ္ဂလိကနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။ အမြဲတမ်းပို့ကုန်ပြခန်းတွင် ပြည်နယ်နှင့်တိုင်းအလိုက်ထွက်ကုန်များ၊ ပြည်ပသို့ တင်ပို့နေသည့် ပြည်တွင်းထွက်ကုန် ပစ္စည်း နှင့် အလားအလာရှိသည့် ထုတ်ကုန်များကိုလည်း ပြသလျက်ရှိပါသည်။

၁၈။ အစိုးရသစ်ကာလ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၃) နှစ်တာကာလ အတွင်း ကုန်သွယ်မှုဗဟို ဌာန (၅)ခု တစ်ဖက်ပါအတိုင်း ဖွင့်လှစ်နိုင်ခဲ့ပါသည်-

စဉ်	ကုန်သွယ်မှုဇုန်များ အမည်	ပြည်နယ်/တိုင်း	ဖွင့်လှစ်သည့် ရက်စွဲ
၁	၂	၃	၄
၁	ကန္ဒရဝတီကုန်သွယ်မှုဇုန်	ကယားပြည်နယ် (လွိုင်ကော်)	၂၉.၄.၂၀၁၆
၂	မောင်ရွှေလီကုန်သွယ်မှုဇုန်	ရှမ်းပြည်နယ် (မြောက်ပိုင်း၊ မူဆယ်)	၂၂.၇.၂၀၁၆
၃	သဖင်မြေကုန်သွယ်မှုဇုန်	ရခိုင်ပြည်နယ် (စစ်တွေ)	၈.၈.၂၀၁၆
၄	ကမ္ဘောဇကုန်သွယ်မှုဇုန်	ရှမ်းပြည်နယ် (တောင်ကြီး)	၁၁.၂.၂၀၁၇
၅	ဖွဲကပင်ကုန်သွယ်မှုဇုန်	ကရင်ပြည်နယ်(ဘားအံမြို့)	၃၀.၅.၂၀၁၇

၁၉။ ကုန်သွယ်မှုဇုန်များ ဆက်လက်ဖွင့်လှစ်ဆောင်ရွက်မည့် အခြေအနေမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) ဟားခါးကုန်သွယ်မှုဇုန်၊ ချင်းပြည်နယ်။

(ခ) ထားဝယ်ကုန်သွယ်မှုဇုန်၊ တနင်္သာရီတိုင်းဒေသကြီး။

(ဂ) ပြည်ကုန်သွယ်မှုဇုန်၊ ပဲခူးတိုင်းဒေသကြီး။

(ဃ) ပဲခူးကုန်သွယ်မှုဇုန်၊ ပဲခူးတိုင်းဒေသကြီး။

၂၀။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အနေဖြင့် ယနေ့အချိန်အထိ အောက်ဖော်ပြပါ ကုန်သွယ်မှု ဗဟိုဌာနပေါင်း(၁၂) ခုအား ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဖွင့်လှစ်ပြီးကုန်သွယ်မှုဗဟိုဌာနများ

စဉ်	ကုန်သွယ်မှုဗဟိုဌာနများ အမည်	တိုင်းဒေသကြီး/ပြည်နယ်
၁	၂	၃
၁	မြန်မာကုန်သွယ်မှုဗဟိုဌာန	ရန်ကုန်တိုင်းဒေသကြီး
	၂၁-၆-၂၀၁၄	(ရန်ကုန်မြို့)
၂	ရတနာပုံကုန်သွယ်မှုဗဟိုဌာန	မန္တလေးတိုင်းဒေသကြီး
	၃၁-၁၂-၂၀၁၄	(မန္တလေးမြို့)
၃	မနောမြေကုန်သွယ်မှုဗဟိုဌာန	ကချင်ပြည်နယ်
	၇-၁-၂၀၁၅	(မြစ်ကြီးနားမြို့)
၄	ဧယျာကုန်သွယ်မှုဗဟိုဌာန	စစ်ကိုင်းတိုင်းဒေသကြီး
	၁၂-၂-၂၀၁၅	(မုံရွာမြို့)
၅	ဧရာကုန်သွယ်မှုဗဟိုဌာန	ဧရာဝတီတိုင်းဒေသကြီး
	၂၀-၃-၂၀၁၅	(ပုသိမ်မြို့)
၆	ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန	မကွေးတိုင်းဒေသကြီး
	၁၁-၃-၂၀၁၆	(မကွေးမြို့)
၇	ရာမညကုန်သွယ်မှုဗဟိုဌာန	မွန်ပြည်နယ်
	၂၆-၃-၂၀၁၆	(မော်လမြိုင်မြို့)
၈	ကန္တရဝတီကုန်သွယ်မှုဗဟိုဌာန	ကယားပြည်နယ်
	၂၉-၄-၂၀၁၆	(လွိုင်ကော်မြို့)
၉	မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန	ရှမ်းပြည်နယ်(မြောက်ပိုင်း)
	၂၂-၇-၂၀၁၆	(မူဆယ်မြို့)
၁၀	သဇင်မြေကုန်သွယ်မှုဗဟိုဌာန	ရခိုင်ပြည်နယ်
	၈-၈-၂၀၁၆	(စစ်တွေမြို့)
၁၁	ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန	ရှမ်းပြည်နယ်(တောင်ပိုင်း)
	၁၁-၂-၂၀၁၇	(တောင်ကြီးမြို့)
၁၂	ဖွဲ့ကပင်ကုန်သွယ်မှုဗဟိုဌာန	ကရင်ပြည်နယ်
	၃၀-၅-၂၀၁၇	(ဘားအံမြို့)

မော်ဝ်ရွှေလီကုန်သွယ်မှုဇဟိုဌာန

ရတနာပုံကုန်သွယ်မှုဇဟိုဌာန

သဇင်မြေကုန်သွယ်မှုဇဟိုဌာန

ဒွဲကပင် ကုန်သွယ်မှုဇဟိုဌာန

မြန်မာကုန်သွယ်မှုဗဟိုဌာန၏ ဆောင်ရွက်ချက်များ

၂၁။ မြန်မာကုန်သွယ်မှုဗဟိုဌာနသည် ပို့ကုန်တိုးချဲ့မြှင့်တင်ရေး၊ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဒေသတွင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့်ပူးပေါင်း၍ ကုန်သွယ်မှု တိုးချဲ့စေရေး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာ ဈေးကွက်တွင် မြန်မာ့ထွက်ကုန်များ ဈေးကွက်ဝေစုပိုမိုရရှိစေရန်ရည်ရွယ်၍ ပြည်တွင်း ကုန်စည်ပြပွဲ များနှင့် ပြည်ပကုန်စည်ပြပွဲများကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ အသေးစားနှင့် အလတ်စား ထုတ်ကုန်လုပ်ငန်းများမှ ထုတ်ကုန်များ ဈေးကွက်ရရှိရေး အတွက် ပြည်တွင်း ကုန်စည်ပြပွဲနှင့် ပြည်ပကုန်စည်ပြပွဲများကို ကျင်းပပြုလုပ်ရခြင်းဖြစ်ပါသည်။ ၎င်းအပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ မြို့ကြီးများတွင်လည်း ပို့ကုန် ကဏ္ဍတိုးမြှင့်စေရန်နှင့် ဒေသထွက်ကုန်များတန်ဖိုးမြှင့် ထုတ်လုပ်စေရန် ရည်ရွယ်၍ ကုန်စည်ပြပွဲများ ကိုနှစ်စဉ် ကျင်းပပြုလုပ်ခဲ့ပါသည်။

၂၂။ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အခြားနိုင်ငံများနည်းတူ နိုင်ငံတစ်နိုင်ငံတွင် ကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်ရမည့် အချက်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ အခြားနိုင်ငံများ၏ ကုန်သွယ်မှုမြှင့်တင်ရေး အလေ့အကျင့်များ၊ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအား မြှင့်တင်ပေးသည့် အခြေအနေများ၊ ကုန်သွယ်ရေးသဘောတူညီချက်များကို သိရှိနားလည်စေရန်အတွက် အသိပညာပေးရန်နှင့်အရာထမ်း၊ အမှုထမ်းများအား အသိပညာဖွံ့ဖြိုးတိုးတက်စေရန်နှင့် မျိုးဆက်သစ်ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရန်လည်းကောင်း၊ ပြည်ပပို့ကုန်လုပ်ငန်းရှင်များအား ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အသိပညာများမျှဝေပေးရန်ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

၂၃။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် အာဆီယံ-ကိုရီးယားစင်တာ (AKC)အဖွဲ့တို့ ပူးပေါင်း၍ လည်းကောင်း၊ အာဆီယံ-ဂျပန်စင်တာ(AJC) အဖွဲ့တို့နှင့်လည်းကောင်း၊ JICA Project Team တို့နှင့် ပူးပေါင်း၍ ကုန်သွယ်မှုမြှင့်တင်ရန်ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပြုလုပ် ခဲ့ကြပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မြန်မာကုန်သွယ်မှု ဗဟိုဌာန (ရန်ကုန်) နှင့် အာဆီယံ-ဂျပန်စင်တာ(AJC)တို့ ပူးပေါင်း၍ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)တွင် မြန်မာ့ ထုတ်ကုန်များ၊ လက်မှုချည်ထည်နှင့် ဒီဇိုင်းကဏ္ဍဖွံ့ဖြိုးတိုး တက်စေရန် ရည်ရွယ်၍ Seminar on Handmade Textile and Design to Promote Myanmar Product အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းတွင်လည်း အာဆီယံ-ဂျပန်စင်တာ (AJC) အဖွဲ့နှင့် မြန်မာကုန်သွယ်မှုဗဟိုဌာနတို့ပူးပေါင်း၍ အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် SME စက်မှုကုန်ထုတ်လုပ်ငန်း များပို့ကုန်အရည်အသွေး ပိုမိုကောင်းမွန်ရန်နှင့် ဒီဇိုင်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ASEAN Design Selection on Promotion Trade in Creative Industry ခေါင်းစဉ်ဖြင့် အလုပ်ရုံ ဆွေးနွေးပွဲကို ၁၄.၁၁.၂၀၁၇ နေ့တွင် ရန်ကုန်မြို့ Chatrium Hotel တွင် ကျင်းပခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်းတွင် မြန်မာ ကုန်သွယ်မှု ဗဟိုဌာနနှင့် အာဆီယံ-ဂျပန်စင်တာ (AJC) တို့ ပူးပေါင်း၍ Textile နှင့် Handicraft လုပ်ငန်းရှင်များအတွက် ဒီဇိုင်း၊ ဈေးကွက်နှင့် တီထွင်ဖန်တီး မှုများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူနှင့် အကြံဉာဏ်များပေးရန် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ လုပ်ငန်းရှင်များကို စွမ်းအားစု မြှင့်တင်ပေးသည့် အစီအစဉ်တစ်ခုဖြစ်သည့် CLMV Support Program- Export Capacity Building in Myanmar in FY 2018 အလုပ်ရုံ ဆွေးနွေးပွဲကို ၄.၂.၂၀၁၉ တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၌လည်းကောင်း၊

၈.၂.၂၀၁၉ နေ့တွင်ကရင် ပြည်နယ်၊ ဘားအံမြို့၌ လည်းကောင်း အသီးသီး ကျင်းပပြုလုပ်ခဲ့ပါသည်။

၂၄။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာကုန်သွယ်မှုဗဟိုဌာနနှင့် ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်း၍ How to enter Japanese Market by Myanmar Agriculture Products ခေါင်းစဉ်ဖြင့် ဂျပန်နိုင်ငံဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို ၃.၈.၂၀၁၇ ရက်နေ့က ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယထပ်ရှိ မြန်မာကုန်သွယ်မှု ဗဟိုဌာန တွင်လည်းကောင်း၊ ၄.၉.၂၀၁၇ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမတွင် အဆိုပါ ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို (၂)ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ ပါသည်။ မြန်မာကုန်သွယ်မှုဗဟိုဌာနနှင့် (JICA)တို့ ပူးပေါင်း၍ ဂျပန်နိုင်ငံ၏ ထင်ရှားကျော်ကြားသည့် ကုန်အမှတ် တံဆိပ်ပစ္စည်းများအကြောင်း၊ မြန်မာ့ ထုတ်ကုန်များဖြစ်သည့် စားသောက်ကုန်၊ ရေထွက်ကုန်၊ လက်မှုပစ္စည်းများ ကို နိုင်ငံတကာနှင့် ပြည်တွင်း၌ကုန်ပစ္စည်းအမှတ်တံဆိပ် တည်ဆောက်ရေး အတွက် အရေးပါသည့်အချက်များ၊ အတွေ့အကြုံဗဟုသုတများနှင့်ဈေးကွက် ထိုးဖောက်ရန်ရည်ရွယ်၍ Branding for Export Promotion အလုပ်ရုံ ဆွေးနွေးပွဲကို ၄.၁၂.၂၀၁၇ ရက်နေ့က ရန်ကုန်မြို့ရှိ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ စတုတ္ထထပ်ရှိ အခြေခံသင်တန်းခန်းမတွင် ကျင်းပ ပြုလုပ် ခဲ့ပါသည်။

၂၅။ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် မြန်မာကုန်သွယ်မှုဗဟိုဌာနတွင် ပို့ကုန်ပစ္စည်းများပြခန်းကို ဖွင့်လှစ်ထားရှိပါသည်။ မြန်မာ့ပို့ကုန်ပစ္စည်းများ အား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် နိုင်ငံတကာ ကုန်စည်ပြပွဲများသို့ပါဝင်၍ ဝယ်လက်ရှာဖွေခြင်း၊ ထုတ်ကုန်ပစ္စည်းများ တန်ဖိုးမြင့်မားစေရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပရန် ညှိနှိုင်း

ပေါင်းစပ်ပေးမည်ဖြစ်ပါသည်။ ၎င်းအပြင် ပြည်ပနိုင်ငံများမှ စီးပွားရေး လုပ်ငန်းရှင်များလာရောက်၍ မြန်မာကုန်သွယ်မှုဗဟိုဌာနတွင် ခင်းကျင်းပြသ ထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို လေ့လာ ကြည့်ရှုပြီး ကုန်သွယ်ရေး ဆိုင်ရာ ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးပွဲများ၊Business Matching များ ပြုလုပ်ပေးခဲ့ပါသည်။

ပြည်တွင်း ဒေသထွက်ကုန် ကုန်စည်ပြပွဲများ ကျင်းပပြီးစီးမှုအခြေအနေ

၂၆။ အစိုးရသစ်ကာလ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းဒေသ ကုန်စည်ပြပွဲ (၅)ပွဲကိုပြပွဲ ကျင်းပနိုင်ရေး ကြိုးကြပ် ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ၁၁-၂-၂၀၁၇ ရက်နေ့ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန၊ တောင်ကြီးမြို့။

(ခ) ၂၃-၂-၂၀၁၇ ရက်နေ့ ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန၊ မကွေးမြို့။

(ဂ) ၁-၃-၂၀၁၇ ရက်နေ့ ရတနာပုံကုန်သွယ်မှုဗဟိုဌာန၊ မန္တလေးမြို့။

(ဃ) ၂-၃-၂၀၁၇ ရက်နေ့ ဧရာကုန်သွယ်မှုဗဟိုဌာန၊ ပုသိမ်မြို့။

(င) ၁၉-၃-၂၀၁၇ ရက်နေ့ ကန္ဒရဝတီကုန်သွယ်မှုဗဟိုဌာန၊ လွိုင်ကော်မြို့။

၂၇။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းဒေသထွက်ကုန် ကုန်စည် ပြပွဲ(၅)ပွဲကို ကုန်သွယ်မှု ဗဟိုဌာနများ၌ ပြပွဲကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ၉-၆-၂၀၁၇ ရက်နေ့ ရာမညကုန်သွယ်မှုဗဟိုဌာန၊ မော်လမြိုင်မြို့။

(ခ) ၁၉-၁၁-၂၀၁၇ ရက်နေ့ ဇေယျာကုန်သွယ်မှုဗဟိုဌာန၊ မုံရွာမြို့။

(ဂ) ၁၇-၁-၂၀၁၈ ရက်နေ့ ကန္ဒရဝတီကုန်သွယ်မှုဗဟိုဌာန၊ လွိုင်ကော်မြို့။

(ဃ) ၂၂-၂-၂၀၁၈ရက်နေ့ သဇင်မြေကုန်သွယ်မှုဗဟိုဌာန၊ စစ်တွေမြို့။

(င) ၁၀-၃-၂၀၁၈ရက်နေ့ မနောမြေကုန်သွယ်မှုဗဟိုဌာန၊ မြစ်ကြီးနားမြို့။

၂၈။ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းဒေသထွက်ကုန် ကုန်စည်ပြပွဲ(၆)ပွဲ ကို ပြပွဲကျင်းပ နိုင်ရေး ကြီးကြပ် ဆောင်ရွက်နိုင် ခဲ့ပါသည်-

(က) ၇-၁၁-၂၀၁၈ ရက်နေ့မှ ၁၁-၁၁-၂၀၁၈ ရက်နေ့အထိ (၆၃)နှစ်မြောက် ကရင်ပြည်နယ် နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဖွဲ့ကပင်ကုန်သွယ်မှုဇဟိုဌာန ပြခန်းဝင်ရောက်ပြသခြင်း။

(ခ) ၉-၁၁-၂၀၁၈ ရက်နေ့မှ ၁၁-၁၁-၂၀၁၈ ရက်နေ့ထိ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ ကွန်ဗန်းရှင်းစင်တာဖွင့်ပွဲအခမ်းအနားတွင် နယ်ကုန်သွယ်မှုဇဟိုဌာနများ အနေဖြင့် ပြခန်း (၁၀) ခန်း ပါဝင်ပြသခြင်း။

(ဂ) ၁၆-၁၁-၂၀၁၈ ရက်နေ့မှ ၁၇-၁၁-၂၀၁၈ရက်နေ့အထိ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ တိုင်းဒေသကြီး/ပြည်နယ် အားလုံးပါဝင်သော ကုန်စည်ပြပွဲတွင် ဖန်ခါးမြေကုန်သွယ်မှု ဇဟိုဌာန အနေဖြင့် ပြခန်း(၁)ခန်းပါဝင် ပြသခြင်း။

(ဃ) ၃၀-၁၁-၂၀၁၈ ရက်နေ့ ဧရာဝတီတိုင်းဒေသကြီး၊ ငွေဆောင် ကမ်းခြေတွင် ပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုဖိုရမ်နှင့် အလုပ်ရုံဆွေးနွေးပွဲတွင် ရောကုန်သွယ်မှု ဇဟိုဌာန၊ ပုသိမ်မြို့အနေ ဖြင့် ပြခန်း (၁)ခန်း ပါဝင်ပြသခြင်း။

(င) ၁၂-၁၂-၂၀၁၈ ရက်နေ့မှ ၁၆-၁၂-၂၀၁၈ ရက်နေ့အထိ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၊ (၁၇)ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲတွင် မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့အနေဖြင့် ပြခန်း(၁၀) ခန်းပါဝင် ပြသခြင်း။

(စ) ၁၂-၁-၂၀၁၉ ရက်နေ့မှ ၁၇-၁-၂၀၁၉ရက်နေ့အထိ (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ကန္တရဝတီကုန်သွယ်မှုဇုံဟိုဋ္ဌာန ပြခန်း(၁၀) ခန်း ဝင်ရောက်ပြသခြင်း။

ပြည်တွင်းအလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီးစီးမှုအခြေအနေ

၂၉။ အစိုးရသစ်ကာလ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပို့ကုန်မြှင့်တင်ရေး ပြည်တွင်းအလုပ်ရုံ ဆွေးနွေးပွဲ (၅)ပွဲကို တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကုန်သွယ်မှုဇုံဟိုဋ္ဌာနများ၌ အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ၁၁-၂-၂၀၁၇ ရက်နေ့ ကမ္ဘောဇကုန်သွယ်မှုဇုံဟိုဋ္ဌာန၊ တောင်ကြီးမြို့။

(ခ) ၂၃-၂-၂၀၁၇ ရက်နေ့ ဖန်ခါးမြေကုန်သွယ်မှုဇုံဟိုဋ္ဌာန၊ မကွေးမြို့။

(ဂ) ၁-၃-၂၀၁၇ ရက်နေ့ ရတနာပုံကုန်သွယ်မှုဇုံဟိုဋ္ဌာန၊ မန္တလေးမြို့။

(ဃ) ၂-၃-၂၀၁၇ ရက်နေ့ ဧရာကုန်သွယ်မှုဇုံဟိုဋ္ဌာန၊ ပုသိမ်မြို့။

(င) ၁၉-၃-၂၀၁၇ ရက်နေ့ ကန္တရဝတီကုန်သွယ်မှုဇုံဟိုဋ္ဌာန၊ လွိုင်ကော်မြို့။

၃၀။ အစိုးရသစ်ကာလ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပို့ကုန်မြှင့်တင်ရေး၊ ပြည်တွင်းအလုပ်ရုံ ဆွေးနွေးပွဲ(၅)ပွဲနှင့် သီးနှံဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ (၉)ပွဲအား တိုင်းဒေသကြီး/ပြည်နယ်များ၌ အောက်ပါ အတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ၃၀-၅-၂၀၁၇ ရက်နေ့ **"ဒေသထွက်ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ"** ဇွဲကပင်ကုန်သွယ်မှုဇုံဟိုဋ္ဌာန၊ ဘားအံမြို့။

(ခ) ၉-၆-၂၀၁၇ ရက်နေ့ **"ဒေသထွက်ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ"** ရာမညကုန်သွယ်မှုဇုံဟိုဋ္ဌာန၊ မော်လမြိုင်မြို့။

(ဂ) ၃၀-၆-၂၀၁၇ရက်နေ့ **"ကော်ဖီ/ လက်ဖက်ပြည်ပပို့ကုန်မြှင့်တင်ရေးအလုပ်ရုံ ဆွေးနွေးပွဲ"** ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။

(ဃ) ၄-၈-၂၀၁၇ ရက်နေ့ **"ဝါ၊ ကြံ၊ သကြား ပြည်ပပို့ကုန်မြှင့်တင်ရေးအလုပ်ရုံ ဆွေးနွေးပွဲ"** ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ အစည်းအဝေးခန်းမ၊ မန္တလေး မြို့။

(င) ၁၅-၁၁-၂၀၁၇ ရက်နေ့ **"ပဲဈေးကွက်အခြေအနေနှင့် ပြောင်းလဲစိုက်ပျိုးသင့်သော သီးနှံများ အလုပ်ရုံဆွေးနွေးပွဲ"** မကွေးမြို့။

(စ) ၁၉-၁၁-၂၀၁၇ ရက်နေ့ **"ဒေသထွက်ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ"** ဇေယျာကုန်သွယ်မှုဗဟိုဌာန၊ မုံရွာမြို့။

(ဆ) ၁၅-၁၂-၂၀၁၇ ရက်နေ့ **"ပဲဈေးကွက်အခြေအနေနှင့်ပြောင်းလဲစိုက်ပျိုးသင့်သော သီးနှံများ အလုပ်ရုံဆွေးနွေးပွဲ"** ပခုက္ကူမြို့။

(ဇ) ၁၅-၁၂-၂၀၁၇ ရက်နေ့ **"ပဲဈေးကွက်အခြေအနေနှင့်ပြောင်းလဲစိုက်ပျိုးသင့်သော သီးနှံများ အလုပ်ရုံဆွေးနွေးပွဲ"** မြင်းခြံမြို့။

(ဈ) ၂၂-၁၂-၂၀၁၇ ရက်နေ့ **"သီးနှံအမျိုးအစားအလိုက် ပို့ကုန်အလားအလာသုံးသပ်ရေးအလုပ်ရုံဆွေးနွေးပွဲ"** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၅၂) နေပြည်တော်။

(ည) ၁၇-၁-၂၀၁၈ ရက်နေ့ **"ဒေသထွက်ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ"** ကန္ဒရဝတီကုန်သွယ်မှုဗဟိုဌာန၊ လွိုင်ကော်မြို့။

(ဋ) ၃၀-၁-၂၀၁၈ ရက်နေ့ **"Development of Quality and Food Safety Manual for Collectors and Warehouses"** ခေါင်းစဉ်အောက်ရှိ အစိုးရကဏ္ဍမှ ဆောင်ရွက်ပေးနေသည့် အခြေအနေများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၅၂) နေပြည်တော်။

(ဌ) ၆-၂-၂၀၁၈ ရက်နေ့ **"ပြည်ပသို့ သရက်သီးများတိုးမြှင့် တင်ပို့နိုင်ရေးအတွက် အစီအစဉ်များ ရေးဆွဲတင်ပြနိုင်ရန်နှင့် သီးနှံများ စံချိန်စံညွှန်း အရည်အသွေးပြည့်မီရေးအတွက် Supply Chain Mechanism တစ်လျှောက် အသိပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်သွားရန် ဆွေးနွေးပွဲ"** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၅၂) နေပြည်တော်။

(ဍ) ၂၂-၂-၂၀၁၈ ရက်နေ့ **"ဒေသထွက်ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ"** သဇင်မြေကုန်သွယ်မှုဇုဟိုဌာန၊ စစ်တွေမြို့။

(ဎ) ၁၀-၃-၂၀၁၈ ရက်နေ့ **"ဒေသထွက်ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ"** မနောမြေကုန်သွယ်မှုဇုဟိုဌာန၊ မြစ်ကြီးနားမြို့။

၃၁။ အစိုးရသစ်ကာလ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပို့ကုန် မြှင့်တင်ရေး ပြည်တွင်းအလုပ်ရုံ ဆွေးနွေးပွဲ (၁)ပွဲနှင့် သီးနှံဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ (၈)ပွဲအား တိုင်းဒေသကြီး/ ပြည်နယ်များ၌ အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ၁၉-၉-၂၀၁၈ ရက်နေ့ **"သီးနှံအမျိုးအစားအလိုက် ပို့ကုန် အလားအလာ သုံးသပ်ရေး အလုပ်ရုံဆွေးနွေးပွဲ"** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်။

(ခ) ၉-၁၁-၂၀၁၈ ရက်နေ့ **"ကြက်သွန်နီသီးနှံ ပြည်ပပို့ကုန် တိုးမြှင့်ရေးနှင့် တောင်သူများ အကျိုးအမြတ် ရရှိစေရေး ဆွေးနွေးပွဲ"** ရတနာပုံကုန်သွယ်မှု ဇုဟိုဌာန၊ မန္တလေးမြို့။

(ဂ) ၁၄-၁၂-၂၀၁၈ ရက်နေ့ **"စားဖိုဆောင်သုံး သီးနှံပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ"** မောဝ်ရွှေလီကုန်သွယ်မှုဇုဟိုဌာန၊ မူဆယ်မြို့။

(ဃ) ၁၅-၁၂-၂၀၁၈ ရက်နေ့ **" ဖရဲ၊ သခွားမွှေး သစ်သီးသီးနှံ ပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ"** သစ်သီးဝလံကုန်စည်ဒိုင်အစည်းအဝေးခန်းမ၊ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့။

(င) ၅-၁-၂၀၁၉ ရက်နေ့ **"သစ်သီးဝလံဟင်းသီးဟင်းရွက်နှင့်ပန်းမန်ကိစ္စများနှင့်ပတ်သက်၍ ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးပွဲ"** ပြင်ဦးလွင်စင်တာ၊ ရေချမ်းအိုးရပ်ကွက်၊ မန္တလေး-လားရှိုး၊ လမ်းမကြီးဘေး၊ ပြင်ဦးလွင်မြို့။

(စ) ၁၄-၁-၂၀၁၉ ရက်နေ့ **"Workshop on Branding of Myanmar Export Products အလုပ်ရုံဆွေးနွေးပွဲ"** သင်္ဂဟဟိုတယ် နေပြည်တော်။

(ဆ) (၂-၂-၂၀၁၉)ရက်နေ့မှ (၃-၂-၂၀၁၉) ရက်နေ့ထိ **"ဆီထွက်သီးနှံနှင့် စားသုံးဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ"** မန္တလေးကွန်ဗင်းရှင်းစင်တာ၊ မန္တလေးမြို့။

(ဇ) ၂၅-၂-၂၀၁၉ ရက်နေ့ **" ပြည်ပသို့ ပဲမျိုးစုံတိုးမြှင့်တင်ပို့ရေး ဟောပြောဆွေးနွေးပွဲ"** ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့။

(ဈ) ၂၆-၂-၂၀၁၉ ရက်နေ့ **" ပြည်ပသို့ ပဲမျိုးစုံတိုးမြှင့်တင်ပို့ရေး ဟောပြောဆွေးနွေးပွဲ"**ခရိုင်ဆန်ကုန်သည်များအသင်းရုံးခန်းမ၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်။

“ကော်ဖီ၊ လက်ဖက် ပြည်ပပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ” မှတ်တမ်းဓါတ်ပုံများ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊
ဦးအောင်ထူး အဖွင့်အမှာစကားပြောကြားခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ပြည်နယ်ဝန်ကြီး၊ ဦးစိုင်းလုံကျော်မှ အမှာစကားပြောကြားခြင်း

“ကော်ဖီ၊ လက်ဖက် ပြည်ပပို့ကုန်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ”
အစုအဖွဲ့၊ အသင်းအဖွဲ့များမှ စာတမ်းရှင်များ မှတ်တမ်းဓါတ်ပုံ

မြန်မာနိုင်ငံကော်ဖီအသင်းနှင့် သံတောင်ကော်ဖီအစုအဖွဲ့မှ
စာတမ်းဖတ်ကြားခြင်း

လက်ဖက်အစုအဖွဲ့များမှ စာတမ်းဖတ်ကြားခြင်း

“ဝါ၊ ကြံ၊ သကြား ပြည်ပပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ” မှတ်တမ်းဓါတ်ပုံများ

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန၊ တိုင်းဒေသကြီးဝန်ကြီး၊ ဒေါက်တာစိုးသန်းမှ အဖွင့်အမှာစကားပြောကြားခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးမှ အမှာစကားပြောကြားခြင်း

“ဝါ၊ ကြံ၊ သကြား ပြည်ပပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ”

“ဝါ၊ ကြံ၊ သကြား ပြည်ပပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ”
စားပွဲဝိုင်းဆွေးနွေးခြင်း မှတ်တမ်းဓါတ်ပုံများ

“သီးနှံအမျိုးအစားအလိုက် ပို့ကုန်အလားအလာသုံးသပ်ရေး အလုပ်ရုံဆွေးနွေးပွဲ” မှတ်တမ်းဓါတ်ပုံများ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး မှ အဖွင့်အမှာစကားပြောကြားခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးမှ အမှာစကားပြောကြားခြင်း

“သီးနှံအမျိုးအစားအလိုက် ပို့ကုန်အလားအလာသုံးသပ်ရေး
အလုပ်ရုံဆွေးနွေးပွဲ”
စားပွဲဝိုင်းဆွေးနွေးခြင်း မှတ်တမ်းဓါတ်ပုံများ

၃၂။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သီးနှံလက်ကမ်းစာစောင် (၂၁)မျိုး ဖြစ်သည့် (ကြက်သွန် ဖြူ ချင်း၊ နနွင်း၊ အာလူး၊ ကော်ဖီ၊ သရက်သီး၊ ဖရဲသီး၊ သခွါးမွှေး၊ သီဟိုဠ်၊ ရော်ဘာ၊ စပါး၊ ညှော့မထဆန်၊ လက်ဖက်၊ ဝဥ၊ သီးနှံပြက္ခဒိန်၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ကုလားပဲ၊ မြန်မာ့နှမ်း၊ မြန်မာ့မြေပဲ) ကုန်သွယ်မှုဗဟိုဌာနလက်ကမ်းစာစောင် (၁၁)မျိုးဖြစ်သည့် (ကမ္ဘောဇ ကုန်သွယ်မှုဗဟိုဌာန၊ ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန၊ ရတနာပုံကုန်သွယ်မှု ဗဟိုဌာန၊ ဧယျာကုန်သွယ်မှုဗဟိုဌာန၊ ရောကုန်သွယ်မှုဗဟိုဌာန၊ ရာမည ကုန်သွယ်မှုဗဟိုဌာန၊ ဖွဲကပင်ကုန်သွယ်မှုဗဟိုဌာန၊ ကန္ဒရဝတီကုန်သွယ်မှု ဗဟိုဌာန၊ သဇင်မြေကုန်သွယ်မှုဗဟိုဌာန၊ မနောမြေကုန်သွယ်မှုဗဟိုဌာန၊ မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)နှင့် သကြားစာအုပ်တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဌာနခွဲများ၊ ကုန်သွယ်မှုဗဟိုဌာနများနှင့် စီးပွားရေးဝန်ကြီးဌာနများ၊ စီးပွားရေးသံမှူးများ သို့ဖြန့်ဝေပေးခြင်းနှင့် ပြည်တွင်း/ပြည်ပကုန်စည်ပြပွဲများ၊ ဒေသထွက်ကုန် ပြပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် တောင်သူများ၊ ကုန်သည်များ၊ လုပ်ငန်းရှင်များအား ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

၃၃။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သီးနှံလက်ကမ်းစာစောင် (၃၄)မျိုး ဖြစ်သည့် (ထောပတ်ပဲ၊ မြေထောက်ပဲ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ ချင်း၊ နနွင်း၊ အာလူး၊ ရော်ဘာ၊ သီးနှံပြက္ခဒိန်၊ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ မြန်မာ့မြေပဲ၊ မြန်မာ့နှမ်း၊ လူး၊ ပဲယဉ်း၊ ပဲပုတ်၊ ပဲတီစိမ်း၊ စားတော်ပဲ၊ သီဟိုဠ်၊

မတ်ပဲ (အင်္ဂလိပ် ဘာသာ)၊ ပဲတီစိမ်း(အင်္ဂလိပ်ဘာသာ)၊ ပဲစင်းငုံ(အင်္ဂလိပ်ဘာသာ)၊ ကုလားပဲ (အင်္ဂလိပ်ဘာသာ)၊ မြေပဲ (အင်္ဂလိပ် ဘာသာ)၊ နှမ်း (အင်္ဂလိပ်ဘာသာ) ၊ ကော်ဖီ၊ လက်ဖက်၊ ဝဥ၊ သရက်သီး၊ ဖရဲသီး၊ သခွါးမွှေး၊ ထောပတ်သီး၊ ပြောင်းနှင့်ကုန်သွယ်မှုဗဟိုဌာန လက်ကမ်းစာစောင် (၁၁) မျိုး ဖြစ်သည့် (ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန၊ ဖန်ခါးမြေကုန်သွယ်မှုဗဟို ဌာန၊ ရတနာပုံကုန်သွယ်မှုဗဟိုဌာန၊ ဇေယျာကုန်သွယ်မှုဗဟိုဌာန၊ ရောကုန်သွယ်မှုဗဟိုဌာန၊ ရာမညကုန်သွယ်မှုဗဟိုဌာန၊ ခွဲကပင်ကုန်သွယ်မှုဗဟိုဌာန၊ ကန္ဒရဝတီကုန်သွယ်မှုဗဟိုဌာန၊ သဇင်မြေကုန်သွယ်မှုဗဟိုဌာန၊ မနောမြေကုန်သွယ်မှုဗဟိုဌာန၊ မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန) လက်ကမ်းစာစောင်များအား ထပ်မံထုတ်ဝေဖြန့်ချီခဲ့ပါသည်။ Book Let (၆)မျိုး ဖြစ်သည့် (သရက်သီး၊ ဝဥ၊ ထောပတ်သီး၊ သီဟိုဠ်၊ ကွမ်းသီး၊ ငှက်ပျောသီး)တို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဌာနခွဲများ၊ ကုန်သွယ်မှုဗဟိုဌာနများနှင့် စီးပွားရေးဝန်ကြီးဌာနများ၊ စီးပွားရေးသံမှူးများသို့ ဖြန့်ဝေပေးခြင်းနှင့် ပြည်တွင်း/ ပြည်ပ ကုန်စည်ပြပွဲများ၊ ဒေသထွက်ကုန်ပြပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် တောင်သူများ၊ ကုန်သည်များ၊ လုပ်ငန်းရှင်များအား ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

၃၄။ ၂၀၁၈ခုနှစ်၊ (၆)လ ကာလတိုတွင် Book Let စာအုပ်ဖြစ်သော ကွဲကောသီးနှင့် သီးနှံ လက်ကမ်းစာစောင် (၉)မျိုးဖြစ်သည့် ပဲကြီး၊ ပဲလွမ်း၊ ပဲဖြူကလေး၊ စွန်တာနီ၊ နှံစားပြောင်း၊ ချဉ်ပေါင်ဖာလာ၊ မက္ကဒေးမီးယား၊ အုန်းသီး၊ လျှော်ဖြူ(ခေါ်)ဆေးကုလားမတို့ကို ဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဌာနခွဲများ၊ ကုန်သွယ်မှုဗဟိုဌာနများနှင့် စီးပွားရေးဝန်ကြီးဌာနများ၊ စီးပွား ရေးသံမှူးများသို့ ဖြန့်ဝေပေးခြင်းနှင့် ပြည်တွင်း /ပြည်ပကုန်စည်ပြပွဲများ၊ ဒေသထွက်ကုန်ပြပွဲများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများတွင် တောင်သူ များ၊ ကုန်သည်များ၊ လုပ်ငန်းရှင်များ အားဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ ပါသည်။

၃၅။ သီးနှံအုပ်စု၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် သီးနှံလက်ကမ်း စာစောင် (၁၀)မျိုးဖြစ်သည့် (ဘိုကိတ်ပဲ၊ စွန်တာပြာ၊ ပဲကြား၊ နိုင်လွန်ပဲ၊ ကြယ်ပဲ) နှင့် (စပါး ၊ဆန်၊ ကြက်သွန်နီ၊ ဒူးရင်းသီး၊ မင်းဂွတ်သီး)တို့၏ လက်ကမ်း စာစောင်များနှင့် ကြက်သွန်နီ စာအုပ်ငယ်ကို ဝန်ကြီးရုံး၊ ကုန်သွယ်ရေးဦးစီး ဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဌာနခွဲ များ၊ ကုန်သွယ်မှုဗဟိုဌာနများနှင့် ပြည်တွင်း/ ပြည်ပကုန်စည်ပြပွဲများ၊ ဒေသ ထွက်ကုန်ပြပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် တောင်သူများ၊ ကုန်သည် များ၊ လုပ်ငန်းရှင်များအား ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

သီးနှံအုပ်စု၏ အသိပညာပေးလက်ကမ်းစာစောင်များ

၃၆။ "မြန်မာ့ထွက်ကုန်နိုင်ငံ့ဂုဏ်" နှင့် "ကုန်သွယ်မှုမြှင့်တင်ရန် ကုန်စည်ပြပွဲကို အခြေခံ" ဟူသော ဆောင်ပုဒ်များနှင့် အညီနိုင်ငံတကာအဆင့်မီ ပြည်တွင်းထုတ်ကုန်များကိုပြည်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး အတွက် ကုန်စည်ပြပွဲများမှတဆင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၃၇။ အစိုးရသစ်ကာလ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ) ပြည်တွင်းကုန်စည်ပြပွဲ (၁၂၄) ပွဲကိုပြပွဲကျင်းပနိုင်ရေး ကြီးကြပ်ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်ပကုန်စည်ပြပွဲ (၁၂၈) ပွဲကိုလည်း အောင်မြင်စွာသွားရောက် ပြသနိုင်ခဲ့ပါသည်။ အဆိုပါ ပြည်ပကုန်စည်ပြပွဲများ အနက် အချို့ပြပွဲများကို ကြီးကြပ်သူကိုယ်စားလှယ်များ လိုက်ပါဆောင်ရွက်ခဲ့ပါသည်။ အဆိုပါကုန်စည်ပြပွဲများအနက် အောက်ဖော်ပြပါပြပွဲကြီးများကို နှစ်နိုင်ငံအစိုးရချင်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည် -

(က) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၂ ရက် နေ့မှ ၁၇ရက်နေ့အထိ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် တရုတ်တောင် အာရှကုန်စည်ပြပွဲနှင့် (၂၄) ကြိမ်မြောက်ကူမင်းပို့ကုန်/ သွင်းကုန်ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ကုမ္ပဏီ (၃၉) ခု ၊ ပြခန်း (၄၈) ခန်းဖြင့် အောင်မြင်စွာပြသနိုင်ခဲ့ပါသည်။

(ခ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေမှ ၁၈ ရက်နေ့အထိ ကျင်းပခဲ့သည့် ၂၀၁၇ ခုနှစ်၊ တောင်နှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်" သို့ မြန်မာနိုင်ငံမှ ပြည်ထောင်စု

ဝန်ကြီး ဒေါက်တာသန်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ ပြီးကုမ္ပဏီ (၂၆) ခု၊ ပြခန်း (၃၄) ခန်းဖြင့်အောင်မြင်စွာ ပြသနိုင်ခဲ့ပါသည်။

(ဂ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ကူမင်းမြို့တွင် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၄ ရက် နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပခဲ့သည့် (၅) ကြိမ်မြောက် တရုတ် - တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၅) ကြိမ်မြောက် ကူမင်းပို့ကုန်သွင်းကုန် ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ဂုဏ်ထူးဆောင်နိုင်ငံ (Country of Honor) အဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှပုဂ္ဂလိကကုမ္ပဏီ (၄၂) ခု၊ ပြခန်း (၆၄) ခန်းဖြင့် အောင်မြင်စွာ ပြသနိုင်ခဲ့ပါသည်။

(ဃ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်းရှီးပြည်နယ်၊ နန်နင်းမြို့တွင် ၂၀၁၆ ခုနှစ် ၊ စက်တင်ဘာလ ၁၁ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပခဲ့သည့် (၁၃) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည် ပြပွဲသို့ မြန်မာနိုင်ငံမှ ဒုတိယသမ္မတ(၁) ဦးမြင့်ဆွေ ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီးကုမ္ပဏီ (၁၃၀) ခု၊ ပြခန်း (၁၄၄) ခန်းဖြင့် အောင်မြင်စွာပြသနိုင်ခဲ့ပါသည်။

(င) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်းရှီးပြည်နယ်၊ နန်နင်းမြို့တွင် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ လ ၁၂ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပခဲ့သည့် (၁၄) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ကုမ္ပဏီ (၁၁၀) ခု၊ ပြခန်း (၁၃၈) ခန်းဖြင့်အောင်မြင်စွာ ပြသနိုင်ခဲ့ပါသည်။

(၈) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ကွမ်းရှီးပြည်နယ်၊ နန်နင်းမြို့တွင် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ဒုတိယသမ္မတ (၁)ဦး၊ မြင့်ဆွေ ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှပုဂ္ဂလိကကုမ္ပဏီ (၁၄၉) ခု၊ ပြခန်း (၁၆၈) ခန်းဖြင့် အောင်မြင်စွာ ပြသနိုင်ခဲ့ပါသည်။

(၉) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ရွှေလီမြို့တွင် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ဒုတိယဝန်ကြီး ဦးအောင်ထူး ပါဝင်သောမြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီးကုမ္ပဏီ (၁၂၃) ခု၊ ပြခန်း (၅၄) ခန်းဖြင့် အောင်မြင်စွာ သွားရောက်ပြသနိုင်ခဲ့ပါသည်။

(၁၀) မြန်မာနိုင်ငံ၊ မူဆယ်မြို့တွင်အိမ်ရှင်နိုင်ငံအဖြစ် နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ မူဆယ်ဗဟိုစီးပွားရေးဇုန်၊ မင်္ဂလာမူဆယ်ဈေးတွင် ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ(၁၇) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲနှင့် (၁၃) ကြိမ်မြောက် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ ဆွေးနွေးပွဲ (Joint Border Trade Coordinating and Cooperating

Committee – JBTCCC) သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ကုမ္ပဏီ (၁၁၁) ခု၊ ပြခန်း (၁၂၂) ခန်းဖြင့် အောင်မြင်စွာ ပြသခဲ့ပါသည်။

(ည) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့မှ ၁၀ ရက်နေ့ အထိကျင်းပခဲ့သည့် "China International Import Export (CIIE)" ကုန်စည်ပြပွဲသို့စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန (ITC) ၏အထောက်အပံ့ဖြင့် ပုဂ္ဂလိကကုမ္ပဏီ (၁၁) ခု၊ ပြခန်း (၂၀) ခန်းဖြင့် အောင်မြင်စွာ သွားရောက်ပြသနိုင်ခဲ့ပါသည်။

(ဋ) နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကတ္တမန္ဒူးမြို့တွင် Nepal Chamber of Commerce (NCC) မှ Organizer အဖြစ် တာဝန်ယူ၍ နီပေါအစိုးရ Ministry of Commerce, Trade and Export Promotion Center မှ ကြီးမှူး၍ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၃ ရက်နေ့အထိ ကျင်းပခဲ့သည့် Nepal Chamber Expo 2019 ပြပွဲကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ချစ်ကြည်ရေး မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး အဖွဲ့ဝင်အဖြစ် ပါဝင်တက်ရောက်ခဲ့ပါသည်။ ၎င်းပြပွဲတွင် ပြခန်း (၂၀) ခန်းရယူ၍ မြန်မာ့ထွက်ကုန် ပစ္စည်းများကို အောင်မြင်စွာသွားရောက်ပြသနိုင်ခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင်
(၁၃) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ
စီးပွားရေးရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင်
ဒုတိယသမ္မတဦးမြင့်ဆွေမှ မိန့်ခွန်းပြောကြားခြင်း (၁၁.၉.၂၀၁၆)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင်(၁၃) ကြိမ်မြောက် တရုတ်-
အာဆီယံကုန်စည်ပြပွဲမြန်မာအမျိုးသားပြခန်းဆောင်အား
ဒုတိယသမ္မတဦးမြင့်ဆွေမှ ဖွင့်လှစ်ပေးခြင်း (၁၀.၉.၂၀၁၆)

(၁၃) ကြိမ်မြောက် တရုတ်-အာဆီယံ
ကုန်စည်ပြပွဲမြန်မာကုန်စည်ပြခန်းဆောင်အား
ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်မှ ဖွင့်လှစ်ပေးခြင်း (၁၀.၉.၂၀၁၆)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင်(၁၃) ကြိမ်မြောက် တရုတ်-
အာဆီယံကုန်စည်ပြပွဲမြန်မာပြခန်းများအား
ဒုတိယသမ္မတဦးမြင့်ဆွေနှင့်အဖွဲ့မှ လှည့်လည်ကြည့်ရှုအားပေးခြင်း
(၁၀.၉.၂၀၁၆)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင်
"(၁၄) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ"
ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း မှတ်တမ်းဓာတ်ပုံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင်
"(၁၄) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ" ကာလတွင် နန်နင်းမြို့၊
မြန်မာကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးတွင် ညှိနှိုင်းအစည်းအဝေး
ကျင်းပခြင်း မှတ်တမ်းဓာတ်ပုံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင်
"(၁၄) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ"
ကုန်စည်ပြခန်းဆောင်၌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ ကြည့်ရှုအားပေးခြင်း
မှတ်တမ်းဓာတ်ပုံ



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင်(၁၅) ကြိမ်မြောက်
တရုတ်-အာဆီယံစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင်
(၁၅) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ Natural Myanmar;
National Promotion Conference တွင် ဒုတိယသမ္မတ၊ ဦးမြင့်ဆွေ
အဖွင့်အမှာစကား ပြောကြားခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင် Natural Myanmar; National Promotion
Conference တွင် ပြပွဲသို့ (၈) ကြိမ်နှင့်အထက်ပါဝင် ပြသသူအား
ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာသန်းမြင့်က ဆုချီးမြှင့်ပေးခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင်(၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းနှင့် **Guangdong Institute of Diamond, Jade and Jewellery** တို့အကြား နည်းပညာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင်(၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံအထည်အလိပ်လုပ်ငန်းရှင်များအသင်းနှင့် **Guangxi Economic and Trade Vocational Institute (GXETVI)** တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင်
Natural Myanmar; National Promotion Conference အခမ်းအနားတွင်
ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်
တရုတ်ဘက်မှ တာဝန်ရှိသူများနှင့် အမှတ်တရ ဓာတ်ပုံ ရိုက်ကူးခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင်(၁၅) ကြိမ်မြောက် တရုတ်-
အာဆီယံ ကုန်စည်ပြပွဲတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်
ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်မှ မြန်မာပြခန်းများသို့
လိုက်လံကြည့်ရှုအားပေးခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင်
(၁၅) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင်
ဒုတိယသမ္မတဦးမြင့်ဆွေနှင့် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်မှ
သစ်အခြေခံအနုပညာအသင်းမှ ပြခန်းများသို့ လိုက်လံကြည့်ရှုအားပေးခြင်း



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင်(၁၅) ကြိမ်မြောက် တရုတ်-
အာဆီယံ ကုန်စည်ပြပွဲတွင် ဒုတိယသမ္မတဦးမြင့်ဆွေနှင့် ပြည်ထောင်စု
ဝန်ကြီး ဒေါက်တာသန်းမြင့်မှ မြန်မာပြခန်းများသို့
လိုက်လံကြည့်ရှုအားပေးခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ "စတုတ္ထအကြိမ် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၄) ကြိမ်မြောက် ကူမင်းပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲ"တွင် ပြည်ထောင်စုဝန်ကြီးက မြန်မာပြခန်းများအားလိုက်ပါကြည့်ရှု့အားပေးနေပုံ (၁၂.၆.၂၀၁၆)



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ "စတုတ္ထအကြိမ် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၄) ကြိမ်မြောက် ကူမင်းပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲ"တွင် မြဝတီထရေးဒင်း လီမီတက်နှင့် Yunnan Cereals Foodstuff Limited တို့ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခြင်းမှတ်တမ်းဓါတ်ပုံ (၁၄.၆.၂၀၁၆)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ "၂၀၁၇ ခုနှစ်၊ တောင်နှင့်အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်" တွင် ပြည်ထောင်စုဝန်ကြီးခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့နှင့်ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးတို့အဖွဲ့ စုပေါင်းအမှတ်တရဓါတ်ပုံ



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ "၂၀၁၇ ခုနှစ်၊ တောင်နှင့်အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်" တွင် ပြည်ထောင်စုဝန်ကြီးနှင့်ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးတို့တွေ့ဆုံပွဲမှတ်တမ်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ "၂၀၁၇ ခုနှစ်၊ တောင်နှင့်အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်" တွင် ပြည်ထောင်စုဝန်ကြီးက မြန်မာပြခန်းများအား ကြည့်ရှုအားပေးနေသည့် မှတ်တမ်းဓါတ်ပုံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ "၂၀၁၇ ခုနှစ်၊ တောင်နှင့်အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်" တွင် ပြည်ထောင်စုဝန်ကြီးနှင့် တယ်ဟုန်တိုင်းအဖွဲ့နှင့် တွေ့ဆုံနေသည့်မှတ်တမ်းဓါတ်ပုံ

၂၀၁၈ ခုနှစ်၊ ကူမင်းကုန်စည်ပြပွဲတွင် ဂုဏ်ထူးဆောင်နိုင်ငံအဖြစ်
မြန်မာအမျိုးသားပြခန်းဆောင်ဖွင့်လှစ်ခြင်း



၂၀၁၈ ကူမင်းကုန်စည်ပြပွဲတွင် ပြည်ထောင်စုဝန်ကြီး
အဖွင့်မိန့်ခွန်းပြောကြားခြင်း

၂၀၁၈ ခုနှစ်၊ ကူမင်းကုန်စည်ပြပွဲတွင် ဂုဏ်ထူးဆောင်နိုင်ငံအဖြစ်
မြန်မာအမျိုးသားပြခန်းဆောင်၌ ယဉ်ကျေးမှုအကဖြင့်
ဖျော်ဖြေတင်ဆက်ခြင်း

၂၀၁၈ ခုနှစ်၊ ကူမင်းကုန်စည်ပြပွဲတွင် ဂုဏ်ထူးဆောင်နိုင်ငံအဖြစ်
မြန်မာအမျိုးသားပြခန်းဆောင်၌ အမှတ်တရ စုပေါင်းဓါတ်ပုံ

၂၀၁၈ ခုနှစ်၊ ကူမင်းကုန်စည်ပြပွဲ၊ Haigeng Graden ဧည့်ခန်းမဆောင်၌
ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ယူနန်ပြည်နယ်၊
အုပ်ချုပ်ရေးမှူး H.E Mr. Ruan Chengfa တို့ Call တွေ့ဆုံမှုမှတ်တမ်းဓါတ်ပုံ

၂၀၁၈ ခုနှစ်၊ ကူမင်းကုန်စည်ပြပွဲတွင် ဂုဏ်ထူးဆောင်နိုင်ငံအဖြစ်
မြန်မာအမျိုးသားပြခန်းဆောင်၌ ရန်ကုန်မြို့တော်ဝန်နှင့်အဖွဲ့
အမှတ်တရဓါတ်ပုံ

၂၀၁၈ ခုနှစ်၊ ကူမင်းကုန်စည်ပြပွဲ၊ ပြည်ထောင်စုဝန်ကြီးမှ မြန်မာပြခန်းများ
ကြည့်ရှုအားပေးပုံ

၂၀၁၈ ခုနှစ်၊ ကူမင်းကုန်စည်ပြပွဲ၊ ပြည်ထောင်စုဝန်ကြီးမှ မြန်မာပြခန်းများ
ကြည့်ရှုအားပေးပုံ

(၁၆) ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ - ၂၀၁၇ တွင် ပြပွဲဖွင့်ပွဲခန်းမနှင့် ဖွင့်ပွဲအခမ်းအနား ကျင်းပသည့် မှတ်တမ်းဓါတ်ပုံများ

(၁၆) ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ - ၂၀၁၇ တွင် ဒုတိယဝန်ကြီးက မြန်မာပြခန်းများအား လိုက်ပါကြည့်ရှုအားပေးနေသည့် မှတ်တမ်းဓါတ်ပုံ

(၁၆) ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ - ၂၀၁၇ တွင် Myanmar Trade Centre ပြခန်း ပြသထားရှိမှု မှတ်တမ်းဓါတ်ပုံ

(၁၆) ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ - ၂၀၁၇ တွင် မြန်မာပြခန်းများ ပြသမှုမှတ်တမ်းဓါတ်ပုံ

(၁၆) ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ -
၂၀၁၇ တွင် မြန်မာပြခန်းများ ပြသမှုမှတ်တမ်းဓါတ်ပုံ

(၁၆) ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ -
၂၀၁၇ တွင်မြန်မာပြခန်းများ ပြသမှုမှတ်တမ်းဓါတ်ပုံ

(၁၇) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး အမှာစကား ပြောကြားနေပုံ

(၁၇) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ ဖွင့်ပွဲ အခမ်းအနားတွင်ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင် အမှာစကား ပြောကြားနေပုံ

(၁၇) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မနိုင်ငံ၊ ယူနန်ပြည်နယ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးမှ Inspectorမစ္စဟွန်ဆန်းအမှာစကား ပြောကြားနေပုံ

(၁၇) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားအားဖဲကြိုးဖြတ်ဖွင့်လှစ်နေပုံ

(၁၇) ကြိမ်မြောက် မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ
ဖွင့်ပွဲအခမ်းအနားစင်မြင့်တွင်အမှတ်တရဓါတ်ပုံများ
မှတ်တမ်းတင်ရိုက်ကူးနေပုံ

(၁၇) ကြိမ်မြောက် မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြခန်း
ဆောင်များအား ဖဲကြိုးဖြတ်ဖွင့်လှစ်နေပုံ

(၁၇) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲတွင်
ခင်းကျင်းပြသထားသော ကုန်စည်ပြခန်းများအားလှည့်လည် ကြည့်ရှုအားပေးခြင်း

(၁၇) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲတွင်
ခင်းကျင်းပြသထားသော ကုန်စည်ပြခန်းများအား
လှည့်လည်ကြည့်ရှုအားပေးခြင်း



(၁၇)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲတွင်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး နှင့်
တယ်ဟုန်ပြည်နယ်ခွဲ၊ အုပ်ချုပ်ရေးမှူးတို့ Call တွေ့ဆုံနေပုံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်တွင် ကျင်းပခဲ့သည့်Hong Kong
International Diamond, Gem & Pearl Show ပြပွဲတွင်
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့်
ဟောင်ကောင်ကုန်သွယ်မှု ဖွံ့ဖြိုးရေးကောင်စီမှ Deputy Executive Director
ဖြစ်သူ Mr. Benjamin Chau တို့ နားလည်မှုစာချွန်လွှာ
လက်မှတ်ရေးထိုးသည့် မှတ်တမ်းဓါတ်ပုံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်တွင် ကျင်းပခဲ့သည့်Hong Kong
International Diamond, Gem & Pearl Show
ပြပွဲတွင်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ မြန်မာနိုင်ငံဘက်နှင့်
ဟောင်ကောင်တို့မှ တက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်များ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်တွင် ကျင်းပခဲ့သည့်
Hong Kong International Diamond, Gem & Pearl Show ပြပွဲအတွင်း
ခင်းကျင်းပြသမှုများအား လေ့လာကြည့်ရှုခြင်း မှတ်တမ်းဓါတ်ပုံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်တွင် ကျင်းပခဲ့သည့်
Hong Kong International Diamond, Gem & Pearl Show ပြပွဲတွင်
ဟောင်ကောင်ကုန်သွယ်မှု ဖွံ့ဖြိုးရေးကောင်စီ၊ Belt and Road & External
Relations Depertment မှ ညွှန်ကြားရေးမှူးဖြစ်သူ Ms.Iris Wong,
နှင့်တွေ့ဆုံခြင်း မှတ်တမ်းဓါတ်ပုံ

တူရကီနိုင်ငံ၊ အန်တာလျာမြို့၌ ကျင်းပခဲ့သည့် EXPO 2016, မြန်မာနေ့ (National Day) အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါမှ ဖွင့်ပွဲမိန့်ခွန်းပြောကြားနေပုံ (၂၀.၁၀.၂၀၁၆)

တူရကီနိုင်ငံ၊ အန်တာလျာမြို့၌ ကျင်းပခဲ့သည့် EXPO 2016, မြန်မာနေ့

(National Day)

၃၈။ မြန်မာ့ပဲဈေးကွက်မြှင့်တင်ရေးဖိုရမ်ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် **တရုတ်ပြည်သူ့** သမ္မတနိုင်ငံ၊ ကွမ်းရှီးကျွမ့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့ရှိမြန်မာကုန်သွယ်ရေး ကိုယ်စားလှယ်ရုံး ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ရာနန်နင်းမြို့ အခြေစိုက်ကောင်စစ်ဝန်ချုပ်ရုံးများမှ ကောင်စစ် ဝန်ချုပ်များ၊ တရုတ်-အာဆီယံကုန်စည်ပြပွဲအတွင်းရေးမှူးချုပ်ရုံး၊ ကွမ်းရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသစီးပွားရေးဌာန၊ တရုတ်အပြည်ပြည်ဆိုင်ရာကုန်သည်များအသင်း (ကွမ်းရှီး) တို့မှဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံပဲ၊ နှမ်းကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌဦးမောင်မောင်တင် ဦးဆောင်သောမြန်မာနိုင်ငံပဲ၊ နှမ်းကုန်သည်များအသင်းဝင် ကုမ္ပဏီ (၉) ခုနှင့် တရုတ်နိုင်ငံမှ ကုမ္ပဏီ (၉၀) ကျော်တက်ရောက်ခဲ့ကြပါသည်။ နန်နင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်က အဖွင့်နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံမှ ပဲ၊ နှမ်းကုန်သည်များအသင်းမှ ဦးအောင်ထွန်း၊ မြန်မာကုန်သွယ်ရေးကိုယ်စားလှယ် ဒေါက်တာသက်လွင်ဦးနှင့် တာဝန်ရှိသူများမှ မြန်မာ့ပဲမျိုးစုံ ဈေးကွက်၊ ပဲများ၏ အာဟာရဓာတ်များ၊ စားသောက်ကုန်လုပ်ငန်းအသုံးပြုပုံများနှင့် ရေးအလာအလာ များကို ဆွေးနွေးခဲ့ကြပါသည်။

၃၉။ အဆိုပါ မြန်မာ့ပဲမျိုးစုံဈေးကွက်မြှင့်တင်ရေးဖိုရမ်တွင် ဧည့်သည်တော်များအား မတ်ပဲ ၊ ပဲစင်းငုံတို့ဖြင့် ပြုလုပ်ထားသော တရုတ်ပုံစံ အစားအသောက်များကို မြည်းစမ်းကျွေးမွေးခြင်း၊ မြန်မာ ပဲနမူနာများ၊ ပဲအခြေခံ စားသောက်ကုန်များဖြစ်သည့် ပဲကြာဆံ၊ ပဲဆန်၊ ပဲမုန့်၊ ပဲကြော် များနှင့် ပဲပင်ပေါက်များကို ခင်းကျင်းပြသခြင်းများ ပြုလုပ်ခဲ့ပါသည်။

၄၀။ မြန်မာပဲမျိုးစုံမြှင့်တင်ရေးဖိုရမ်သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) မှ မြန်မာ့ပဲမျိုးစုံ ဈေးကွက်သစ်ရရှိရေးအတွက် ပထမဦးဆုံးအကြိမ် ပြည်ပတွင် ဦးစီးပြုလုပ်သော ဈေးကွက်မြှင့်တင်ရေးပွဲ တစ်ခုဖြစ်ပြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် မြန်မာ့ပဲမျိုးစုံဈေးကွက်မြှင့်တင်ရေးဖိုရမ် မှတ်တမ်းဓါတ်ပုံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် မြန်မာ့ပဲမျိုးစုံဈေးကွက်မြှင့်တင်ရေးဖိုရမ်တွင် မြန်မာကုန်သွယ်ရေး ကိုယ်စားလှယ် ဒေါက်တာသက်လွင်ဦး ဆွေးနွေးသည့် မှတ်တမ်းဓါတ်ပုံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် မြန်မာ့ပဲမျိုးစုံဈေးကွက်မြှင့်တင်ရေးဖိုရမ် မှတ်တမ်းဓါတ်ပုံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် မြန်မာ့ပဲမျိုးစုံဈေးကွက်မြှင့်တင်ရေးဖိုရမ်သို့ တက်ရောက်လာသူများ မှတ်တမ်းဓါတ်ပုံ

ဂျာမနီနိုင်ငံ GIZ အဖွဲ့အစည်း၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TDP) နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့မှုများနှင့် နယ်သာလန်နိုင်ငံ CBI အဖွဲ့အစည်း၏ အကူအညီဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများ

၄၁။ ဂျာမနီနိုင်ငံ GIZ အဖွဲ့အစည်းသည် ဥရောပသမဂ္ဂမှ ယူရိုငွေ ၁၀ သန်းနှင့် ဂျာမနီအစိုးရမှ ပူးတွဲထောက်ပံ့ငွေယူရို ၅ သိန်းဖြင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TDP) ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိနှင့် ထပ်တိုးတစ်နှစ်ကာလ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ အဓိကရည်ရွယ်ချက်များမှာ ကုန်သွယ်ရေးမူဝါဒများပြင်ဆင်ပြောင်းလဲခြင်း၊ ပို့ကုန်မြှင့်တင်ခြင်း၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ အစားအစာဘေး အန္တရာယ်ကင်းရှင်းရေးနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ စံအရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်အောင်ကူညီပံ့ပိုးသွားရန်ဖြစ်ပါသည်။

၄၂။ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TDP) မှ ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍကို အထောက်အကူပေးရန် မြန်မာ – အီးယူ ကုန်သွယ်မှုဆိုင်ရာ အကူအညီပေးရေးဌာန (Myanmar–EU Trade Help Desk) ကို ၂၀၁၆ ခုနှစ်၊ မေလတွင်ရန်ကုန်မြို့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အဆောက်အဦ ဒုတိယထပ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ Help Desk ၏

အဓိကရည်ရွယ်ချက် (၃) ခုမှာ –

(က) ဈေးကွက်အမျိုးမျိုးသို့ ခွဲခြားတင်ပို့နိုင်အောင်ဆောင်ရွက်ခြင်း (Diversification of export markets)

(ခ) ပို့ကုန်ပစ္စည်းအမယ်မျိုးစုံတင်ပို့နိုင်ရန် ဆောင်ရွက်ခြင်း (Diversification of export products)

(ဂ) ပို့ကုန်လုပ်ငန်းမျိုးစုံမှတင်ပို့နိုင်ရေးဆောင်ရွက်ခြင်း တို့ဖြစ်ပါသည်။ (Diversification of export companies)

အဓိကဝန်ဆောင်မှုများမှာ –

(က) ဈေးကွက်သတင်းအချက်အလက်ပံ့ပိုးပေးခြင်း (Market Intelligence)

(ခ) သင်တန်းများဖွင့်လှစ်ပေးခြင်း (Training Services) နှင့်

(ဂ) ဝယ်သူရောင်းသူတွေ့ဆုံညှိနှိုင်းမှုပြုပေးခြင်း (Matchmaking Services) စီစဉ်ပေးခြင်း တို့ဖြစ်ပါသည်။

၄၃။ **ဈေးကွက်သတင်းအချက်အလက်ပံ့ပိုးပေးခြင်း (Market Intelligence)** ။ ။ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂ(အီးယူ) တို့အကြားရှိ နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေများကို ပုံမှန်ထုတ်ပြန်ပေးခြင်း၊ အီးယူဈေးကွက် လေ့လာချက် (EU Market Scans) များနှင့် မြန်မာ့ထုတ်ကုန်လေ့လာချက် (Product Profiles) များပြုစုထုတ်ပြန်ပေးခြင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် အီးယူသို့ပို့ကုန် တင်ပို့မည့်သူများအတွက် သိသင့်သိထိုက်သော သတင်း အချက်အလက်များ စုစည်းဖော်ပြထားသည့် ပို့ကုန်မြှင့်တင်ရေး လမ်းညွှန် စာအုပ် (Export Promotion Guides) များ ပြုစုထုတ်ဝေခြင်းကို ဆောင် ရွက်လျက်ရှိပါသည်။ လတ်တလောတွင် အီးယူဈေးကွက်အလားအလာရှိသော ကော်ဖီ၊ လက်ဖက်စို/ လက်ဖက်ခြောက်၊ အေးခဲပုစွန်၊ outdoor jacket ၊ သရက်သီး၊ သီဟိုဠ်စေ့၊ ပဲတီစိမ်း စသည့် မြန်မာ့ထုတ်ကုန် (၈)မျိုး၏ အီးယူ ဈေးကွက်လေ့လာချက် (EU Market Scans)များနှင့် မြန်မာ့ထုတ်ကုန် လေ့လာချက် (Product Profiles) များကို အင်္ဂလိပ်/ မြန်မာ နှစ်ဘာသာ ပြုစုကာ ရိုက်နှိပ်ထုတ်ဝေထားပြီးဖြစ်ပြီး၊ အနာဂတ်တွင် အဆိုပါ Fact Sheets များအား Update ပြုလုပ်ခြင်း၊ အလားအလာရှိသော နောက်ထပ် ပို့ကုန် အမယ်သစ်များအတွက် Fact Sheets များ ပြုစုထုတ်ဝေသွားရန်ရှိပါသည်။ အီးယူဦးစားပေးပို့ကုန် အမယ်များဖြစ်သည့် ပဲတီစိမ်း၊ လက်ဖက်နှင့် အေးခဲ ပုစွန်/ ကဏန်းပျော့တို့အတွက်စာမျက်နှာ (၆၀) ခန့် ပါဝင်သောပို့ကုန် မြှင့်

တင်ရေးလမ်းညွှန်စာအုပ် (Export Promotion Guides) များအား ပြုစုလျက်ရှိပြီးမကြာမီတွင် အင်္ဂလိပ်/ မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေသွားမည်ဖြစ်ပါသည်။ အနာဂတ်တွင် နောက်ထပ်အမယ်သစ်များအတွက် ပို့ကုန်မြှင့်တင်ရေးလမ်းညွှန်စာအုပ် (Export promotion guides) များထပ်မံထွက်ရှိရန် လေ့လာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄၄။ ဂျာမနီနိုင်ငံဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် GIZ သည် ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (၂)-PSD 2 ကို ဂျာမနီအစိုးရ၏ အကူအညီဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍပိုင်း၌ အလားအလာရှိသော မြန်မာ့ထုတ်ကုန်အနည်းဆုံး (၅) မျိုးအတွက် အာဆီယံဈေးကွက် လေ့လာရေးဆိုင်ရာ စာတမ်းငယ်များ ပြုစုထုတ်ဝေသွားရန်ရှိပြီး၊ ယခုအခါ ကုန်ပစ္စည်းနှင့်ဦးစားပေးကဏ္ဍများကို စတင် စိစစ်ရွေးချယ်လျက်ရှိပြီဖြစ်ပါသည်။

၄၅။ **သင်တန်းများဖွင့်လှစ်ပေးခြင်း (Training Services)** ။ ။ ဈေးကွက်ဆန်းစစ်လေ့လာရေး ကိရိယာများသင်တန်း (Market Analysis Tools Training)၊ အီးယူပို့ကုန်အကူအညီပေးရေး ဝက်ဘ်ဆိုက် အသုံးချသင်တန်း (EU Export Helpdesk Website training)၊ ကုန်စည်ပြပွဲပါဝင်ခြင်းဆိုင်ရာသင်တန်း (How to participate in international trade fairs) နှင့် အီးယူသို့တင်ပို့သူများအတွက် သီးသန့်သင်တန်း (How to export to EU) စသည့် အီးယူပို့ကုန်မြှင့်တင်ရေးသင်တန်းများကို ပို့ချပေးခဲ့ပြီး Training of Trainer (TOT) သင်တန်းများပို့ချပေးကာ in-house trainer တချို့ကို မွေးထုတ်နိုင်ခဲ့ပြီး အနာဂတ်တွင် အလားတူသင်တန်းများကို စဉ်ဆက်မပြတ်ဆက်လက်ပို့ချပေးရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ GIZ ၏ ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (၂) – PSD 2 အရ ပို့ကုန်မြှင့်တင်ရေး အထောက်အကူသင်တန်းနှင့်အလုပ်ရုံဆွေးနွေးပွဲများကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဆက်လက်ပို့ချလျက်ရှိရာ ၂၀၁၉ခုနှစ်၊ မတ်လ ၂၈-၂၉ ရက်တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၌ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအား Workshop

on “Making an export plan” အလုပ်ရုံ ဆွေးနွေးပွဲကျင်းပပေးခြင်း၊ ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်တွင် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် THAIFAX – World Food Expo သို့သွားရောက်မည့်မြန်မာ Exhibitors များကို WORKSHOP ON TRADE FAIR PARTICIPATION အလုပ်ရုံဆွေးနွေးပွဲကျင်းပပေးခြင်းတို့ ဆောင်ရွက်ပြီးစီးခဲ့ပြီး ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် China–ASEAN Expo (CAEXPO) သွားရောက်မည့် မြန်မာ Exhibitors များအတွက် အလားတူ လုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကျင်းပပြုလုပ်သွားရန် ရည်ရွယ်ထားပါသည်။

၄၆။ **ဝယ်သူရောင်းသူတွေ့ဆုံညှိနှိုင်းမှုပြုပေးခြင်း (Matchmaking Services)** ။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်မှ (၁၈) ရက်နေ့ထိ ဂျာမနီနိုင်ငံ၊ Nuremberg မြို့တွင်ကျင်းပပြုလုပ်သည့် BIOFACH ကုန်စည်ပြပွဲသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကိုယ်စားလှယ်တစ်ဦးနှင့် မြန်မာနိုင်ငံ လက်ဖက်အစုအဖွဲ့မှ ကိုယ်စားလှယ် (၅) ဦးတို့သည် visitors အနေဖြင့် သွားရောက်ခဲ့ပြီး၊ မြန်မာ့လက်ဖက်ထုတ်ကုန်အတွက် အီးယူဈေးကွက် အလားအလာများကို လေ့လာခဲ့ပါသည်။ ၂၀၁၇ခုနှစ်၊ ဧပြီလ ၂၅ ရက်မှ ၂၇ ရက်နေ့အထိ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ ကျင်းပပြုလုပ်သည့် Seafood Expo Global သို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ အသင်းဝင်ကုမ္ပဏီ (၅) ခုတို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

၄၇။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်မြို့တွင် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်မှ ၈ ရက်နေ့ အထိကျင်းပခဲ့သည့် ASIA Fruit Logistica 2017 ကုန်စည်ပြပွဲသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကိုယ်စားလှယ်တစ်ဦး နှင့် မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP)၊ ရှမ်းပြည်နယ်တောင်ပိုင်း သရက်သီး အစုအဖွဲ့ကိုယ်စားလှယ် (၈) ဦးတို့သည် အာရှနှင့် နိုင်ငံတကာသစ်သီးဝလံဈေးကွက်အခြေအနေနှင့် မြန်မာ့သရက်သီးအတွက် ဈေးကွက်အလားအလာတို့ကို သွားရောက်လေ့လာခဲ့ကြပါသည်။

၄၈။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်မှ (၁၇) ရက်နေ့ထိဂျာမနီနိုင်ငံ၊ Nuremberg မြို့တွင် ကျင်းပပြုလုပ်သည့် BIOFACH ကုန်စည်ပြပွဲသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ကိုယ်စားလှယ် နှစ်ဦးနှင့် မြန်မာနိုင်ငံ လက်ဖက်အစုအဖွဲ့မှ ကိုယ်စားပြုကုမ္ပဏီ (၆) ခု တို့ကပြခန်းတစ်ခုရယူကာ Exhibitors များအဖြစ် သွားရောက်ပြသနိုင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလ၂၄ ရက်နေ့မှ ၂၆ ရက်နေ့ အထိဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ ကျင်းပ ပြုလုပ်သည့် Seafood Expo Global သို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံရေထွက်ကုန်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ အသင်းဝင်ကုမ္ပဏီ (၄) ခုတို့ ပါဝင်တက်ရောက် ခဲ့ပါသည်။

၄၉။ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်မှ ၂၇ ရက်နေ့အထိ ပြင်သစ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် SIAL စားသောက်ကုန်ကုန်စည်ပြပွဲသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်တစ်ဦး၊ မန္တလေးသရက်သီးအစုအဖွဲ့ ကိုယ်စားလှယ် တစ်ဦးတို့သွားရောက်၍ ကမ္ဘာ့ စားသောက်ကုန်ဈေးကွက်အခြေအနေ၊ မြန်မာ့သစ်သီးဝလံနှင့် စားသောက်ကုန်လုပ်ငန်းများအတွက် ဈေးကွက်အလားအလာများကို လေ့လာခဲ့ကြပါသည်။

၅၀။ အနာဂတ်တွင် အလားတူကုန်စည်ပြပွဲများသို့ ဆက်လက်ပါဝင်နိုင်ရန် ဝန်ကြီးဌာန၊ အသင်းအဖွဲ့၊ အသင်းဝင်ကုမ္ပဏီများနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများအကြား ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်နှင့် စီးပွားရေးကိစ္စအတွက် အီးယူ ဝယ်ယူသူများ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခြင်း (Business tour) များ စီစဉ်ပေးခြင်း၊ မြန်မာ လုပ်ငန်းရှင်များအီးယူသို့ သွားရောက်လည်ပတ်ခြင်း (Factory visits/ sitevisits) များစီစဉ်ဆောင်ရွက်ခြင်း၊ နှစ်ဖက်တွေ့ဆုံ ဆွေးနွေးပွဲများစီစဉ် ဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

၅၁။ နယ်သာလန်နိုင်ငံ CBI အဖွဲ့အစည်း၏အကူအညီဖြင့် ကုန်သွယ်မှုသတင်းအချက်အလက် ဖြန့်ဖြူးခြင်းဆိုင်ရာ myantrade ဝက်ဘ်ဆိုက်ကို ပြန်လည်ပြင်ဆင်အဆင့်မြှင့်တင်သည့် စီမံကိန်းနှင့်ပြည်ပကုန်စည် ပြပွဲများတွင် ထိရောက်ပါဝင်နိုင်ရေး အရည်အချင်းမြှင့်တင်မှုသင်တန်းနှင့်လက်စွဲစာအုပ်တည်းဖြတ် ပြင်ဆင်ထုတ်ဝေသည့်စီမံကိန်းတို့အား ၂၀၁၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် အထိ ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၅၂။ ကုန်သွယ်မှုသတင်းအချက်အလက် ဖြန့်ဖြူးခြင်းဆိုင်ရာ myantrade ဝက်ဘ်ဆိုက်ကို ပြန်လည် ပြင်ဆင်အဆင့်မြှင့်တင်သည့်စီမံကိန်းကို ၂၀၁၇ ခုနှစ် စက်တင်ဘာ (၁၃) ရက်မှ (၁၄) ရက်အထိ ပထမအကြိမ် သင်တန်းပို့ချကာ စတင်ခဲ့ပါသည်။ဒီဇင်ဘာလ (၁၂) ရက်မှ (၁၄) ရက်အထိ ဒုတိယအကြိမ်သင်တန်းပေးခဲ့ပြီးနှင့် ဝက်ဘ်ဆိုက်ပြင်ဆင်မည့် အစီအစဉ်တို့ကိုဆွေးနွေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်မှ (၉) ရက်တွင် သက်ဆိုင်ရာအသင်းအဖွဲ့များ နှင့်လိုက်လံတွေ့ဆုံခဲ့ပြီး CBI မှ ဆောင်ရွက်ပေးသည့် အစီအစဉ်ကို စိတ်ပါဝင်စားမှုရှိ/မရှိနှင့် ပူပေါင်းဆောင်ရွက်ရန်ဆွေးနွေးခဲ့ပါသည်။ ထို့နောက် မေလတွင် တတိယအကြိမ်သင်တန်းနှင့် ဇွန်လတွင် စတုတ္ထအကြိမ်သင်တန်းတို့ကို ပေးခဲ့ပြီး myantrade ဝက်ဘ်ဆိုက်ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလလ (၁၉) ရက်နေ့တွင် တရားဝင်စတင်လွှင့်တင်ခဲ့ပါသည်။ ထို့နောက် ပြည်ပကုန်စည် ပြပွဲများတွင် ထိရောက်စွာပါဝင်နိုင်ရေး အရည်အချင်းမြှင့်တင်မှုသင်တန်း (ပထမအကြိမ်) ကို ၂၀၁၈ ခုနှစ်၊ မေလ (၃) ရက်မှ (၄) ရက်အထိကျင်းပပြုလုပ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၇ ရက်မှ ၂၉ ရက်နေ့အထိ ဒုတိယအကြိမ် သင်တန်းနှင့်လက်စွဲစာအုပ် တည်းဖြတ်ပြင်ဆင်မှုဆိုင်ရာ သင်တန်းတို့ကိုပို့ချပေးခဲ့ပါသည်။ ထို့နောက် ဩဂုတ်လ (၂၉) ရက်နေ့မှ (၃၁) ရက်နေ့အထိ တတိယအကြိမ်သင်တန်းနှင့် လက်စွဲစာအုပ်တည်းဖြတ်ပြင်ဆင်မှုဆိုင်ရာသင်တန်းတို့ကို ပို့ချပေးခဲ့ပါသည်။ ကုန်စည်ပြပွဲပါဝင်ခြင်းဆိုင်ရာလက်စွဲစာအုပ်ကို အဆင့်ဆင့်ပြင်ဆင် တည်းဖြတ် လာခဲ့ပြီး ယခုအခါ မြန်မာဘာသာသို့ပြန်ဆို လျက်ရှိပြီး မကြာမီတရားဝင်ထုတ်ပြန် သွားမည်ဖြစ်ပါသည်။

၅၃။ CBI အဖွဲ့အစည်း၏အကူအညီဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကိုယ်စားလှယ် (၆) ဦး တို့သည် ၂၀၁၉ခုနှစ်မေလ (၆) ရက်မှ (၁၀) ရက်နေ့အထိနယ်သာလန်နိုင်ငံ၊ ရိုတာဒန်မြို့တွင် ကုန်စည်ပြပွဲ စီမံခန့်ခွဲခြင်းဆိုင်ရာ အရည်အချင်းမြှင့်တင်မှုသင်တန်း တက်ရောက်ခြင်း၊ ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော၂၀၁၉ ခုနှစ် Seafood Expo Global ကုန်စည်ပြပွဲ၊ မြန်မာနိုင်ငံပြခန်းဆောင်သို့ သွားရောက်ကာ မြန်မာ့ရေထွက် ကုန်လုပ်ငန်းများ၏ ပြပွဲပါဝင်မှုအခြေအနေနှင့်အတူ နိုင်ငံတကာပြခန်းဆောင်များ၏ ပြပွဲပါဝင်မှုအခြေအနေတို့ကို လက်တွေ့ကွင်းဆင်းလေ့လာခဲ့ကြပါသည်။ ယခုအခါမြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဦးဆောင်ကာ ၂၀၂၀ ပြည့်နှစ် Seafood Expo Global ကုန်စည်ပြပွဲ၌ မြန်မာရေထွက်ကုန်လုပ်ငန်းများ စဉ်ဆက်မပြတ်ပါဝင်နိုင်ပြီး ဥရောပဈေးကွက် ပိုမိုရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံ ရေထွက်ကုန်ထုတ်လုပ် တင်ပို့ ရောင်းချသူများအသင်းနှင့် အတူပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း

၅၄။ နိုင်ငံတော်၏စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအား ရည်ရွယ်လျက် ပြည်တွင်း-ပြည်ပစီးပွား ရေးဆိုင်ရာသတင်းများ၊ စီးပွားရေးသံမှူးများမှ ပေးပို့လာသောသတင်းများ၊ ကုန်စည်ဈေးကွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းများအား စီးပွားရေးဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်တိုင်းဒေသကြီးများရှိကုန်သွယ်မှုဗဟိုဌာနများသို့ အပတ်စဉ်၊ လစဉ်ဖြန့်ဝေပေးပို့ခြင်းနှင့် ဈေးကွက်အလား အလာရှိသော ကုန်စည်များအား သုတေသနပြုခြင်းတို့ကို ဆောင်ရွက်ပါသည်။

၅၅။ ၂၀၁၆ ခုနှစ်မှ ယခုအချိန်ထိ ပြည်ပပဲဈေးနှုန်းများ၊ ပြည်တွင်း-ပြည်ပ ရွှေဈေးနှုန်းများ၊ ပြည်ပရေနံဈေးနှုန်းများ၊ မလေးရှားနိုင်ငံ၏ စားအုန်းဆီဈေးနှုန်းများကို လအလိုက် တင်ပြပေးခဲ့ပါသည်။ စီးပွားရေးသံမှူးများမှ သက်ဆိုင်ရာနိုင်ငံများ၏ စီးပွားရေးသတင်းများကို ဖော်ပြပါ ကာလအတွင်း အိန္ဒိယနိုင်ငံမှ သတင်း (၆၃၄) ပုဒ်၊ ဂျပန်နိုင်ငံမှသတင်း(၁၈)ပုဒ်၊ စင်္ကာပူနိုင်ငံ

မှ သတင်း (၁၂၇) ပုဒ်၊ တရုတ်(ပေကျင်း)နိုင်ငံမှ သတင်း (၁၃၆) ပုဒ်၊ ကိုရီးယားနိုင်ငံမှသတင်း (၁၂၈) ပုဒ်၊ ထိုင်းနိုင်ငံ (ဘန်ကောက်)မှ သတင်း (၅၅)ပုဒ်၊ ဟောင်ကောင်နိုင်ငံမှ သတင်း(၆၈)ပုဒ်၊ တရုတ်နိုင်ငံမှ သတင်း (၂၂)ပုဒ် ၊ဘရပ်ဆဲလ်နိုင်ငံမှ သတင်း(၁၀)ပုဒ်စုစုပေါင်း (၁၁၉၈) ပုဒ်ကို ပေးပို့လာသဖြင့် သက်ဆိုင်ရာ ဌာနများသို့ ဆက်လက်တင်ပြခဲ့ပါသည်။

၅၆။ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ရေထွက်ကုန်ပစ္စည်းများကို ရုရှားနိုင်ငံသို့ တိုးမြှင့်တင်ပို့လိုပါသဖြင့် ရုရှားနိုင်ငံ၏ Import Regulation နှင့်အညီ တင်ပို့နိုင်ရေးအတွက် (၁) ကြိမ်၊ ဂျပန်နိုင်ငံမှ ဆန်ကြိတ်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၁) ကြိမ်၊ ကိုရီးယားမှ ရော်ဘာဈေးကွက်အတွက် (၁) ကြိမ်လာရောက်တွေ့ဆုံခဲ့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရ၊ အသင်းအဖွဲ့များနှင့် မိမိတို့မှ ဦးဆောင်၍ တွေ့ဆုံပေးခဲ့ပါသည်။

၅၇။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ITC ဇယားကို အသုံးပြု၍ သီဟိုဠ်စေ့၊ ဆန်နှင့် ဆန်ကွဲ၊ ပျားရည်၊ ပဲပုပ်စေ့ ထုတ်ကုန်များ၏ ဈေးကွက်အလားအလာ လေ့လာချက်များ ဆောင်ရွက်ခြင်းနှင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၊ ပြည်ပသို့ဆန်နှင့် ဆန်ကွဲဈေးကွက် အလားအလာနှင့် တင်ပို့မှုလျော့နည်းရသည့် အခြေအနေနှင့် ပတ်သက်သည့် စာတမ်းငယ်များ ပြုစုခြင်း၊ ပြုစုပြီး ပုစွန်စာတမ်းများအား ပြင်ဆင်ဖြည့်စွက်များ ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် နှမ်း၊ ပဲစဉ်းငုံ၊ ကြက်သွန်နီ၊ မတ်ပဲ၊ ကော်ဖီ၊ ပြောင်းဖူးစေ့၊ ငှက်ပျောသီး၊ အုန်းသီး၊ ဝဥ၊ ထောပတ်သီး၊ လက်ဖက်အစို၊ သဘာဝလျှော်ဖြူ၊ ဖရဲသီး၊ သခွားမွှေးသီး၊ နာနတ်သီး၊ အမယ်များ၏ စာတမ်းငယ်များ ပြုစုနိုင်ခဲ့ပါသည်။

၅၈။ ထို့အပြင် ပြည်ပသံရုံးများမှ သိရှိလို၍ မေးမြန်းလာသော ကိန်းဂဏန်းအချက်အလက်နှင့် ထုတ်လုပ်မှု၊ တင်ပို့မှု၊ သိုလှောင်မှုဆိုင်ရာ အခြေအနေများအား ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနမှ ပေးပို့ခဲ့ပါသည်။ ၎င်းအပြင် မိမိတို့ဌာနအနေဖြင့် မြန်မာနိုင်ငံဈေးကွက်အတွင်း ဖြစ်ပေါ်

နေသော ကုန်စည်သတင်းများ၊ ဈေးကွက်သတင်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းများ၊ ကုန်စည်စီးဆင်းမှုဆိုင်ရာသတင်းများနှင့် အသိပေးသင့်သော သတင်းများအား ဖော်ပြပါကာလအတွင်း စုစုပေါင်း (၄၂၁) စောင်ပေးပို့ခဲ့ပြီး၊ ဆန်ဈေးကွက်၊ ပဲဈေးကွက်နှင့် ရော်ဘာဈေးကွက် (၄၉) စောင်အား ဖြန့်ဝေ ပေးခဲ့ပါသည်။

၅၉။ တိုင်းဒေသကြီးအစိုးရများသို့ ဖြန့်ဝေရန်အတွက် ဈေးကွက်သတင်း လွှာအား ပြုစုတင်ပြခဲ့ပြီး၊ ဈေးကွက်သတင်းလွှာတွင် ပြည်ပဆန်ဈေးကွက် လိုအပ်ချက်၊ ပြည်တွင်းပဲဈေးကွက် အခြေအနေ၊ ပြည်တွင်းပြည်ပသတင်း ထူးများ၊ ကုန်စည်ဒိုင်အလိုက် ဖြစ်ပေါ်ခဲ့သော သီးနှံဈေးနှုန်းများ၊ ရွှေ၊ ရေနံ ဈေးနှုန်း၊ ရော်ဘာဈေးကွက်သတင်းတို့အား ထည့်သွင်းဖော်ပြထားခဲ့ပြီး အထူးဆောင်းပါးများအား စုစည်းတင်ပြခဲ့ပါသည်။

၆၀။ CBI မှ ပြုလုပ်သည့် ကုန်စည်ပြပွဲများတွင် ထိရောက်စွာပါဝင်ခြင်း ဆိုင်ရာ သင်တန်းသို့ သွားရောက်လေ့လာခြင်းနှင့် ရေတပ်လေ့ကျင့်ရေးဌာန ချုပ်တွင် Trade ဘာသာရပ်ခေါင်းစဉ်ဖြင့် သင်ခန်းစာများသွားရောက် ပို့ချခဲ့ ပါသည်။ ဌာနတွင်းဝန်ထမ်းများအား သတင်းစုဆောင်းခြင်း၊ သတင်းအနက် ကောက်ခြင်း၊ တည်းဖြတ်ခြင်း၊ တည်ဆောက်ခြင်းတို့နှင့် ပတ်သက်၍ ဌာန တွင်း ဆွေးနွေးပွဲများကျင်းပ၍ ဝန်ထမ်းစွမ်းရည်တိုးတက်လာစေရေးတွက် ဆောင်ရွက်ခဲ့ပါသည်။

၆၁။ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပေးကဏ္ဍတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ကြီးမှူး၍ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန် တိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး များရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုများအား အရည်အသွေးကောင်း ရော်ဘာ များ ထုတ်လုပ်နိုင်ရန် နည်းပညာများဖြန့်ဖြူးပေးခြင်းနှင့် ရော်ဘာဈေးကွက် အခြေအနေများအား ရှင်းလင်းဆွေးနွေးကျင်းပတဲ့ မြန်မာ့ရော်ဘာစီးပွားရေး နှီးနှောဖလှယ်ပွဲများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ပါသည်။

၆၂။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ၂၀၁၆ ခုနှစ်၊ ဧပြီ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သော မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ပင်မစီမံကိန်း အစီရင်ခံစာနှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲ (2nd Workshop Mid – Term Interim Reporting of MYANTRADE) ကို၂၀၁၆ ခုနှစ်၊ ဇွန်လတွင် ရန်ကုန်မြို့တွင် ကျင်းပခဲ့ပါသည်။

(ခ) MYANTRADE Masterplan Final Reporting Session နှင့် KSP Kick-off Seminar အခမ်းအနားကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် နေပြည်တော်၌ ကျင်းပခဲ့ပါသည်။

(ဂ) MYANTRADE Project အကောင်အထည်ဖော်ရန် ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်မှ ဇွန်လ ၁၁ရက်နေ့အထိ ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့သို့ Working Level Officials အဆင့် (၂၅) ဦးအား တတိယအကြိမ်လေ့လာရေးအစီအစဉ် စေလွှတ်ခဲ့ပါသည်။

(ဃ) ၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ပထမအကြိမ် မြန်မာ-တရုတ်(တိုင်ပေ) ညှိနှိုင်းကြားရေးမှူးချုပ်အဆင့် ကုန်သွယ်ရေး ဆွေးနွေးပွဲမှ နောက်ဆက်တွဲ အကြောင်းအရာများအပေါ် ပြန်လည် သုံးသပ်ဆွေးနွေးရန်အတွက် ဒုတိယညှိနှိုင်းကြားရေးမှူးချုပ် အဆင့် အစည်းအဝေးအား နေပြည်တော်၌ကျင်းပခဲ့ပါသည်။

(င) MYANTRADE Project အကောင်အထည်ဖော်ရန် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် နေ့မှ အောက်တိုဘာလ ၈ ရက်နေ့ အထိ ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့သို့ Working Level Officials အဆင့် (၂၅) ဦးအား စတုတ္ထအကြိမ် လေ့လာရေး အစီအစဉ် စေလွှတ်ခဲ့ပါသည်။

Konowledge Sharing Program(KSP) Kick-off Seminar
ကျင်းပပြုလုပ်ခြင်း

Working Level Officials အဆင့် (၂၅) ဦး တတိယအကြိမ်
လေ့လာရေးအစီအစဉ်

Working Level Officials အဆင့် (၂၅) ဦး စတုတ္ထအကြိမ်
လေ့လာရေးအစီအစဉ်

၆၃။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် JICA Project မှ ကျွမ်းကျင်ပညာရှင်များ နှင့်ပူးပေါင်း၍နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ Trade Centre များမှ အရာထမ်းများနှင့် အမှုထမ်းများအား ကုန်သွယ်မှုလုပ်ငန်းနှင့် ပို့ကုန်တိုးမြှင့်ရေး အခြေခံသော အသိပညာရရှိရေးအတွက် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများနှင့် ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့အထိ နေပြည်တော်၌ ပြုလုပ်ခဲ့ပါသည်။

(ခ) ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများနှင့် ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ "Trade Business & Export Promotion" ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၁ ရက် နေ့မှ ၂၃ ရက်နေ့အထိ ရန်ကုန်မြို့ရှိ ကုန်သွယ်ရေးသင်တန်းကျောင်း (TTI) ၌ ပြုလုပ်ခဲ့ပါသည်။

(ဂ) မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာမူဝါဒများ ချမှတ်ရေးဆွဲနိုင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံမှ အကူအညီပေးအပ်ခဲ့သည့် အသိပညာ၊ အတတ်ပညာမျှဝေ ပေးရေး (Knowledge Sharing Program - KSP) အစီအစဉ်အရ "ပို့ကုန်တိုးမြှင့်ရေး နယ်ပယ်တွင်သုတေသနပြုခြင်း" ခေါင်းစဉ်ဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ကိုရီးယားသမ္မတနိုင်ငံ KOTRA ၏ သုတေသနပညာရှင်အဖွဲ့ STEMI တို့နှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ KSP အစီအစဉ်တွင် မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍတို့တွင် ပို့ကုန်တိုးမြှင့်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ သုတေသန

စာတမ်းများတင်ပြသည့် KSP Final Reporting အခမ်းအနား အား၂၀၁၇ခုနှစ်၊ ဇွန်လတွင် နေပြည်တော်၌ ကျင်းပခဲ့ပါသည်။

(ဃ) Foundation for Commerce and Culture Interchange (FCCI) မှ **မြန်မာနိုင်ငံ၏ အသေးစားနှင့်အလတ်စား လုပ်ငန်းများ** (SMEs) **ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ စီးပွားရေးလုပ်ငန်းပုံစံသစ်နှင့်** SMEs **များပြည်ပကုန်သွယ်မှုတွင် တိုးချဲ့တင်ပို့နိုင်မှုအတွက် နည်းပညာအသုံးပြုခွင့်ဆိုင်ရာ** 2017 Strategic Development and Innovation for SMEs Training Program သင်တန်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်အတူ UMFCCI မှ ဦးဆောင်၍ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် ရန်ကုန်မြို့ရှိ UMFCCI ၌ ကျင်းပခဲ့ပါသည်။

(င) အီးယူနှင့် မြန်မာနိုင်ငံအကြားစီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှုများပိုမိုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများလွယ်ကူစွာ ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိရေး၊ ပို့ကုန်များ အီးယူဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိရေးအတွက် **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့်** European Chamber of Commerce (EUROCHAM) **တို့အကြား နားလည်မှု စာချွန်လွှာ** (MoU) **ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ရန်ကုန်မြို့၊** Novotel **ဟိုတယ်၌ လက်မှတ်ရေးထိုးခဲ့ပါသည်။**

(စ) ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းတို့အား ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနေသည့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းရပ်များကို ပိုမိုသိရှိနားလည်နိုင်ရေးအတွက် ပို့ကုန်များတိုးမြှင့်တင်ပို့စေရန်၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ စည်းမျဉ်းစည်းကမ်းများနှင့်

စိန်ခေါ်မှုများနှင့် ပတ်သက်သော ကုန်သွယ်မှုမြှင့်တင်ရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၅.၁.၂၀၁၈ မှ ၆.၁.၂၀၁၈ ထိ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(ဆ) ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့၌ ကျရောက်ခဲ့သည့် (၆၆) နှစ်မြောက် ကယား ပြည်နယ်နေ့အခမ်းအနားနှင့် တစ်ဆက်တည်း ၁၇.၁.၂၀၁၈ နေ့တွင် ဒေသထွက်ကုန်နှင့် ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို လွိုင်ကော်မြို့တွင် ကျင်းပခဲ့ပါသည်။

(ဇ) မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ဟောင်ကောင်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ကောင်စီတို့အကြား နားလည်မှု စာချွန်လွှာကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဟောင်ကောင် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၊ လက်ထောက်အမှုဆောင် ဒါရိုက်တာတို့မှ ဟောင်ကောင်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့နှင့် European Chamber of Commerce (EUROCHAM) တို့အကြား နားလည်မှု စာချွန်လွှာ (MoU)ရေးထိုးခြင်း

၆၄။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည့် စီးပွားရေးရာကော်မတီ၏ (၆/၂၀၁၈) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ စီးပွားရေးသံမှူးများနှင့် စပ်လျဉ်းသည့် ရန်ပုံငွေအပါအဝင် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို လွှဲပြောင်းယူရန်နှင့် အသစ်ထပ်မံခန့်ထားမည့် နိုင်ငံများနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန် လမ်းညွှန်သဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် လွှဲပြောင်းလက်ခံခဲ့ပါသည်။

(ခ) ပြည်ပသို့ စီးပွားရေးသံမှူးများ ရွေးချယ်စေလွှတ်ရာတွင် စီမံချက်ပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် စီးပွားရေးသံမှူးများအား စနစ်တကျစိစစ် ရွေးချယ်ရန်နှင့် ကြီးကြပ်ခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒုတိယဝန်ကြီး ဦးဆောင်သည့် စိစစ်ရွေးချယ်ခြင်းနှင့်ကြီးကြပ်ခြင်းဆိုင်ရာ ကော်မတီကို ဝန်ကြီးရုံး၏ ၂၀-၄-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ စက-၂၇/ ၉/ ၂၀၁၈ (၁၂၇၇) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

(ဂ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ရန်ကုန်မြို့၊ တူရကီနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Kerem Divanlioglu တို့သည် ၁၄-၃-၂၀၁၈ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးချက်အရ တူရကီနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများကို ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တူရကီ သံရုံးသို့ ၃၁.၅.၂၀၁၈ နေ့တွင် ပေးပို့ခဲ့ပါသည်။

(ဃ) နိုင်ငံတော်သမ္မတရုံးမှ လမ်းညွှန်ချက်နှင့် စီးပွားရေးရာ ကော်မတီ၏ ညွှန်ကြားချက်အရ လက်ရှိစီးပွားရေးသံမှူးအဖြစ် စေလွှတ်ထားသည့် နိုင်ငံ (၈)နိုင်ငံအပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အလားအလာကောင်းသော အသစ်ထပ်မံ စေလွှတ်သင့်သည့် ဂျာမဏီနိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ တောင်အာဖရိကနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ကူမင်းမြို့) တို့တွင်ခန့်အပ်နိုင်ရေး နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ ထောက်ခံချက်၊ အသုံးစရိတ်ခန့်မှန်းချက်များအရ စီးပွားရေးရာကော်မတီ၊ ပြည်ထောင်စုအစိုးရ အဖွဲ့သို့တင်ပြခဲ့ရာ ၁၃.၁၂.၂၀၁၈ နေ့တွင် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

(င) မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းမှ မြန်မာရေထွက်ကုန်ပစ္စည်းများကို ရုရှားနိုင်ငံသို့ တိုးမြှင့်တင်ပို့လိုသဖြင့် ရုရှားနိုင်ငံ၏ Import Regulation နှင့်အညီ တင်ပို့နိုင်ရေးနှင့် လိုအပ်ပါက လာရောက်စစ်ဆေးနိုင်ရန်အတွက် G to G ဆက်သွယ်ဆောင်ရွက်ပေးပါရန် တင်ပြချက်အပေါ် ရုရှားသံရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း၍ ဆွေးနွေးညှိနှိုင်းမှုအရ ရုရှားသံရုံးသို့ ကူညီဆောင်ရွက်ပေးရန်အကြောင်းကြားခဲ့ပါသည်။

(စ) တရုတ်(နန်နင်းမြို့) တွင် ကုန်သွယ်ရေးကိုယ်စားလှယ် ခန့်ထားရန်အတွက် ဒုတိယဝန်ကြီး ဦးဆောင်သည့် စိစစ်ရွေးချယ်ခြင်းနှင့် ကြီးကြပ်ခြင်းဆိုင်ရာ ကော်မတီသည် ၁၀-၆-၂၀၁၈ ရက်နေ့တွင် လူတွေ့စစ်ဆေး၍ ကုန်သွယ်ရေးဦးစီးဌာနမှ ဒေါက်တာရွှေစင်ကို (လက်ထောက်ညွှန်ကြားရေးမှူး) အား ရွေးချယ်ပြီး စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စု အစိုးရအဖွဲ့သို့တင်ပြခဲ့ရာခွင့်ပြုခဲ့ပါသည်။

(ဆ) စီးပွားရေးသံမှူးများအား လုပ်ငန်းတာဝန်သတ်မှတ်ချက်များ ဝန်ကြီးရုံးမှတစ်ဆင့် စီးပွားရေးသံမှူးများသို့ ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် အကြောင်းကြားခဲ့ပါသည်။

(ဇ) တရုတ် (နန်နင်းမြို့) မြန်မာကုန်သွယ်ရေးကိုယ်စားလှယ်ရုံး အား စီးပွားရေးသံမှူးရုံးအဖြစ်နှင့် ကုန်သွယ်ရေးကိုယ်စားလှယ် အား စီးပွားရေးသံမှူးအဖြစ် ပြောင်းလဲသတ်မှတ်ခွင့်ပြုရန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံ ခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြရာ ၁၄.၁၁.၂၀၁၈ နေ့ တွင် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ တရုတ် (နန်နင်းမြို့)တွင် တာဝန် ထမ်းဆောင်နေသော ကုန်သွယ်ရေး ကိုယ်စားလှယ် ဒေါက်တာ သက်လွင်ဦးအား ဌာနတွင် ပြောင်းရွှေ့တာဝန်ချထားပြီး ဒေါက်တာရွှေစင်ကိုအားနန်နင်း၌ စီးပွားရေးသံမှူးအဖြစ် တာဝန် ချထားသည့် အမိန့်ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ၂၉.၁.၂၀၁၉ နေ့တွင် နိုင်ငံခြားရေးဝန်ကြီး ဌာနသို့ တွဲဖက်တာဝန်ချထားပြီး နိုင်ငံခြားရေးဝန်ကြီးဌာနက ၁.၂.၂၀၁၉ နေ့တွင် တွဲဖက် တာဝန်ချထားကြောင်းနှင့် ၁၈.၂.၂၀၁၉ နေ့တွင် နန်နင်းမြို့တွင် စီးပွားရေးသံမှူးအဖြစ် တွဲဖက်တာဝန်ချထားကြောင်း အမိန့်ကို ထုတ်ပြန်ခဲ့ပါသည်။ ၂၁.၃.၂၀၁၉ မှစ၍ နန်နင်းတွင် စတင်တာဝန် ထမ်းဆောင်ခဲ့ ပါသည်။

(ဈ) စီးပွားရေးသံမှူးသင်တန်း အမှတ်စဉ်(၁) အပိုင်း (၁)ကို အရာထမ်း (၂၇)ဦး ဖြင့် ၃.၉.၂၀၁၈ မှ ၁၂.၉.၂၀၁၈ အထိ စုစုပေါင်း (၈) ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စက်မှုဝန်ကြီးဌာန၊ မြန်မာဖွံ့ဖြိုးမှု

အဖွဲ့အစည်း (Myanmar Development Institute – MDI)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)တို့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ (၁၈) ဦး က လာရောက်ပို့ချပေးခဲ့ပါသည်။

(ည) ဒုတိယဝန်ကြီးဦးဆောင်သော ရွေးချယ်ရေးကော်မတီမှ စီးပွားရေး သံမှူးသင်တန်း အမှတ်စဉ်(၁) အပိုင်း(၁) သင်တန်းသားများအား ၂၀.၉.၂၀၁၈၊ ၂၁.၉.၂၀၁၈ နေ့နှင့် ၁၁.၁၀.၂၀၁၈ နေ့များတွင် Presentation စစ်ဆေးခြင်းပြုလုပ်ခဲ့ပါသည်။ ရေးဖြေစာမေးပွဲကို ၃.၁၀.၂၀၁၈ နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။

(ဋ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် တရုတ် – မြန်မာ စီးပွားရေးစင်္ကြံတစ်လျှောက် အကောင်အထည်ဖော်လိုသည့် စီမံကိန်းများအဆိုပြုနိုင်ကြောင်း အကြောင်းကြားလာမှုအပေါ် ရှမ်းပြည်နယ်မြောက်ပိုင်း(မူဆယ်မြို့)၊ မန္တလေးတိုင်းဒေသကြီး (မန္တလေးမြို့)၊ ရခိုင်ပြည်နယ် (ကျောက်ဖြူမြို့) နှင့် မကွေးတိုင်းဒေသကြီး (မကွေးမြို့)တို့တွင် Exhibition Center and Myanmar Trade Support Center များတည်ဆောက်ရန် စီမံကိန်းများအား (ODA) ဖြင့် ဆောင်ရွက်နိုင်ရေး အဆိုပြုထားပါသည်။

(ဌ) စီးပွားရေးသံမှူးသင်တန်း အမှတ်စဉ် (၁) ၊ အပိုင်း (၂) ကို ပဏာမရွေးချယ်ထားသည့် သင်တန်းသား (၂၀) ဦးဖြင့် ရန်ကုန်မြို့တွင် ၃၀-၁-၂၀၁၉ မှ ၁-၂-၂၀၁၉ အထိဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံး (၇) ရုံးမှ စီးပွားရေးသံမှူးများ၊ နိုင်ငံတကာရေးရာလေ့လာ သုံးသပ်စောင့်ကြည့်ရေးအဖွဲ့ (MISIS) နှင့် ကုန်သွယ်ရေးဦးစီးဌာနတို့မှ ဘာသာရပ်ကျွမ်းကျင်သူများက သင်တန်းပို့ချပေးခဲ့ပါသည်။

(ဍ) နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ နီပေါနိုင်ငံခရီးစဉ်တွင် မြန်မာနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ဝန်ကြီးနှင့် နီပေါနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် နီပေါနိုင်ငံ၊ ခတ္တမန္ဒူမြို့၌ ၃၀.၁၁.၂၀၁၈ ရက်နေ့ တွင် Cooperation on Trade and Investment နားလည်မှုစာချွန်လွှာ(MoU) ကိုလက်မှတ်ရေးထိုးခဲ့ပါသည်။

(ဎ) ကိုရီးယားသမ္မတနိုင်ငံဖက်မှ အဆိုပြုလာသည့် MOU (၃) ခုအား ဌာနဆိုင်ရာ သဘောထားမှတ်ချက်များဖြင့် ပြန်လည်ပြင်ဆင်ပြီး ပြန်လည်ပေးပို့ခဲ့ရာအကြောင်း ပြန်ကြားလာခြင်းမရှိသေးသဖြင့် ကိုရီးယားသံရုံးသို့ အကြောင်းကြားခဲ့ပါသည်။

(ဏ) EIF အစီအစဉ်အောက်ရှိ Tier 1 Phase 2 တွင် Work Plan နှင့် Budget Plan ဆောင်ရွက်ရာတွင် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၉ ခုနှစ်၊ မေလတွင် ပြုလုပ်ရန် ကုန်သွယ်ရေးဦးစီးဌာနသို့ အကြောင်းကြားပေးပို့ခဲ့ပါသည်။

(တ) စီးပွားရေးသံမှူးများစိစစ်ရွေးချယ်ရေးနှင့် ကြီးကြပ်ရေး ကော်မတီမှ ရွေးချယ်ထားသော စီးပွားရေးသံမှူး(၉)ဦးအား စီးပွားရေးကော်မတီ ၏ ၂၆-၃-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ စီးပွား ကော်မတီ/ အစိုးရအဖွဲ့ (၄၅၂/၂၀၁၉) အရ ၂၀၁၉ ခုနှစ်၊ ဧပြီလ တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ တွဲဖက်တာဝန်ပေးအပ်ပြီး ဖြစ်ပါသည်။ ၎င်းတို့သည် ၂၀၁၉ ခုနှစ်၊ မေလ တွင် သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ တာဝန်ထမ်းဆောင်ရန် စေလွှတ်ခဲ့ပြီးဖြစ်ပါသည်။

(ထ) ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများအား ဗီယက်နမ်နိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Pham Ban Nam ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့မှ လာရောက်တွေ့ဆုံ၍ ကုန်သွယ်မှု မြှင့်တင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက် ဆွေးနွေးခဲ့ပါသည်။

အထူးစီပွားရေးဇုန်များဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း

၆၅။ မြန်မာနိုင်ငံတွင် ၁၉၉၇ ခုနှစ်၊ အထူးစီးပွားရေးဇုန်စီမံကိန်းများ ဆောင်ရွက်ရေးမူဝါဒအရ မန္တလေးတိုင်းတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ စီးပွားရေးဇုန်၊ ရန်ကုန်တိုင်းတွင် သီလဝါအထူး စီးပွားရေးဇုန်၊ တနင်္သာရီတိုင်း တွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရခိုင်ပြည်နယ်တွင် ကျောက်ဖြူ အထူး စီးပွားရေးဇုန် စသည့် အထူးစီးပွားရေးဇုန်စီမံကိန်းများ ဆောင်ရွက်ရန် ပြည်ပ ပညာရှင်များနှင့် Master Plan များ ရေးဆွဲခဲ့ပါသည်။

SEZ Master Plan



၆၆။ မြန်မာနိုင်ငံတွင် နိုင်ငံ၏စီးပွားရေး ရည်မှန်းချက်များကို အထောက်အကူ ဖြစ်စေရန်အတွက် လက်ရှိဆောင်ရွက်လျက်ရှိသည့် အထူးစီးပွားရေးဇုန်(၃)ခုမှာ–

- သီလဝါအထူးစီးပွားရေးဇုန်
- ထားဝယ်အထူးစီးပွားရေးဇုန်
- ကျောက်ဖြူအထူးစီးပွားရေးဇုန်

၆၇။ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ရုံးလုပ်ငန်းတာဝန်များကို ၂၀၁၁ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှစ၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (ယခင် – အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန) က တာဝန်ခံဝန်ကြီးဌာန (Focal Ministry) တာဝန်ကို ဆောင်ရွက်ခဲ့ပြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၉.၆.၂၀၁၆ရက်စွဲပါ (၅/၂၀၁၆)အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၁၅.၈.၂၀၁၆ ရက်နေ့တွင် အဆိုပါတာဝန်ကို စတင် လွှဲပြောင်းတာဝန်ယူခဲ့ပါသည်။

သီလဝါအထူးစီးပွားရေးဇုန်

၆၈။ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးတည်ဆောက်သူ (Developer) အဖြစ် Myanmar Japan Thilawa Development Ltd မှ တာဝန်ယူ ဆောင်ရွက်၍ မြန်မာစီးပွားရေး လုပ်ငန်းအစုအဖွဲ့ဘက်မှ သီလဝါအထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ **၁၀%၊** Myanmar Thilawa SEZ Holdings Public Limited (မြန်မာသီလဝါအများပိုင်ကုမ္ပဏီ) **၄၁%၊ စုစုပေါင်း ၅၁%** နှင့် ဂျပန်စီးပွားရေးအစုအဖွဲ့ဘက်မှ Japan International Cooperation Agency **(JICA) ၁၀%** ၊ ဂျပန်ကုမ္ပဏီ(၃)ခုဖြစ်သည့် Mitsubishi၊ Marubeni နှင့် Sumitomo တို့မှာ**MMS Thilawa Development Co.,Ltd** အဖြစ် ဖွဲ့စည်းပြီး **၃၉%** ဖြင့် **စုစုပေါင်း ၄၉%** ပါဝင်ပါသည်။

၆၉။ အကောင်အထည်ဖော်မည့် စီမံကိန်းမြေဧရိယာ အကျယ်အဝန်း စုစုပေါင်း ၂၄၀၀ ဟက်တာ (၅၇၈၇.၇၁၈ ဧက) ဖြစ်ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၃-၉-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ(၁၀၉/၂၀၁၃) ဖြင့် ကျောက်တန်း မြို့နယ်မှ မြေဧရိယာ (၃၄၉၇.၅၃) ဧက နှင့် သန်လျင်မြို့နယ်မှ မြေဧရိယာ (၁၅၂၉.၄၉) ဧက၊ စုစုပေါင်းမြေဧရိယာ (၅၀၂၇.၀၂) ဧကကို မြေငှားဂရန် ထုတ်ပေးခွင့်ပြုခဲ့ပါသည်။

၇၀။ ပထမအဆင့်အကောင်အထည်ဖော်မည့် သီလဝါအထူး စီးပွားရေးဇုန် A ဟက်တာ ၄၀၅.၂၇၅ (၁၀၀၀ ဧက)ကို ဆောင်ရွက်ခဲ့ရာ(၉၉ %) ပြီးစီးပြီဖြစ်ပါသည်။ သီလဝါအထူး စီးပွားရေးဇုန်(ဘီ)ကို ပထမအဆင့် အနေဖြင့် အပိုင်း(၂ – ၁) တွင် ဟက်တာ ၁၀၁ (၂၅၀ ဧက) ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ တွင် မြေသားပြုပြင်ခြင်းနှင့် ဇုန်အတွင်းပိုင်းအခြေခံ အဆောက်အအုံ (Internal Infrastructure)ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊

ဩဂုတ်လတွင် ဆောက်လုပ်ပြီးစီးရန် ရည်မှန်းထားပါသည်။ ဆက်လက်၍ ဇုန်(ဘီ) အပိုင်း (၂-၂) တွင် ဟက်တာ ၇၇(၁၉၀ ဧက)ကို ဒုတိယအဆင့် တိုးချဲ့နယ်မြေအဖြစ် သတ်မှတ်ပြီး ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် မြေယာ လျော်ကြေးပေးခြင်း၊ ပြန်လည်နေရာချထားခြင်း၊ မြေသားပြုပြင်ခြင်းနှင့် အခြေခံအဆောက်အအုံ (Internal Infrastructure) ကို စတင် အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆောက်လုပ် ပြီးစီးရန် ရည်မှန်းထားပါသည်။

၇၁။ နိုင်ငံပေါင်း (၁၉) နိုင်ငံမှ ဇုန် A တွင် ခွင့်ပြုပြီးသော ကုမ္ပဏီပေါင်း (၉၁)ခု နှင့် ဇုန် B တွင်(၁၇)ခု စုစုပေါင်း (၁၀၈)ခု ရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ (၁.၇) ဘီလီယံရှိပါသည်။ စီးပွားဖြစ် လည်ပတ် နိုင်သော ကုမ္ပဏီ(၇၂)ခု ရှိပြီး ပြည်တွင်းပြည်ပ ဈေးကွက်အတွက် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ အလုပ်ခန့် ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုပြီးစီးသည့် စက်ရုံနှင့်လုပ်သား ဦးရေ စာရင်းမှာ ခန့်ထားပြီး အလုပ်သမားဦးရေမှာ ကျား(၃၂၈၂)ဦး၊ မ (၄၈၉၆) ဦး စုစုပေါင်း(၈၁၇၈)ဦး ဖြစ်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လည်းလုပ်သား (၁၅၀၀၀) ဦးရေခန့်ကို အလုပ်အကိုင်များဖန်တီးပေးနိုင်ခဲ့ပါ သည်။ အလုပ်အကိုင်ရရှိခဲ့သည့် လုပ်သားများ၏ လုပ်သားအင်အား ၇၀ ရာခိုင်နှုန်းကျော်သည် သန်လျင်၊ ကျောက်တန်းမြို့နယ်များမှ ဒေသခံများ ဖြစ်ပါသည်။ ဇုန်အတွင်းအလုပ်ရှင် အလုပ်သမားကြား အငြင်းပွားမှုများကို မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄၊ အခန်း(၁၆)၊ ပုဒ်မ(၇၆) (ခ) တွင် ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ စေ့စပ်ညှိနှိုင်း ဖြန်ဖြေ

သော်လည်း ပြေလည်မှုမရရှိလျှင် အငြင်းပွားမှုကို အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီဆောင်ရွက်ပေးလျက်ရှိပါသည်။

၇၂။ ပို့ကုန်အတွက် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Preferential Certificate of Origin –Cos) လျှောက်ထားမှုကို လျင်မြန်ချောမွေ့စေရန်အတွက် Online မှတစ်ဆင့် တင်ပြလျှောက်ထားနိုင်မည့်စနစ်ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှ စ၍ စတင်ခဲ့ပါသည်။ အဆိုပါ Online https://onlineco. myanmar tradenet .com မှတစ်ဆင့် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်နှင့် ထုတ်ကုန်ပစ္စည်းများ မှတ်ပုံတင်ခြင်းကို Online မှ တင်ပြလျှောက်ထားနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံလျက်ရှိသည့် ကုမ္ပဏီများအား ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် ဖြေလျှော့ဆောင်ရွက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးပေးချေမှုတွင်(Myanmar Payment Union – MPU) စနစ်ဖြင့် နည်းပညာမြှင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ နှင့် ၁၉၅၀ ခုနှစ်၊ အထူးကုမ္ပဏီအက်ဥပဒေနှင့်အညီ အီလက်ထရောနစ်ကုမ္ပဏီ မှတ်ပုံတင်စနစ်သစ် **“Myanmar Companies Online MyCO”** ကို ၂၀၁၈ခုနှစ်၊ ဩဂုတ်လဆန်း မှ စတင်ခဲ့ပါသည်။ DICA website ၏ Myanmar Companies Online (MyCO) –http://www.myco.dica.gov.mm/ မှသာ လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

သီလဝါအထူးစီးပွားရေးဇုန်
THILAWA SPECIAL ECONOMIC ZONE

THILAWA SEZ MANAGEMENT COMMITTEE
ONE STOP SERVICE CENTER



Establishment
between Myanmar

THE COMMENCEMENT CEREMONY OF THILAWA SPECIAL ECONOMIC ZONE,
ZONE B
MJTD

၇၃။ ထားဝယ်အထူးစီးပွားရေးဇုန်ကို တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်တွင်းရှိ၊ ထိုင်းနယ်စပ်မှ (၁၃၂) ကီလိုမီတာ၊ ဘန်ကောက်မှ (၃၀၀) ကီလိုမီတာ၊ ထိုင်းအရှေ့ဘက် ကမ်းခြေမှ (၄၅၀) ကီလိုမီ တာတွင်တည်ရှိပြီး အထူးစီးပွားရေးဇုန်နယ်နိမိတ်ဧရိယာမှာ ၁၉၆ စတုရန်းကီလိုမီတာ (၄၈၄၃၂) ဧက နှင့် ကနဦးစက်မှုလုပ်ငန်း ဧရိယာ ၂၇ စတုရန်း ကီလိုမီတာ(၆၆၇၂) ဧက ကျယ်ဝန်းပါသည်။

၇၄။ စီမံကိန်း ဧရိယာအသစ်တွင် ဧက (၅၇၇၆.၇၅) ဧက ရှိပြီး ကျောက်ထုတ်လုပ်ငန်းဧရိယာ (၃၇၉.၂၆) ဧက၊ ဘဝါမြို့သစ်စီမံကိန်းအိမ်ရာ (၁၁၂၂.၈၇) ဧက၊ စီမံကိန်းဧရိယာပြင်ပ (၇၀.၆၀) ဧက ပါဝင်ပါသည်။ စုစုပေါင်း လျော်ကြေးငွေပေးချေပြီးစီးမှုမှာ (၇၃၄၉.၄၈) ဧက ဖြစ်ပါသည်။

၇၅။ ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ပတ်သက်သည့် သဘောတူစာချုပ်များ ချုပ်ဆိုခြင်းများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) ၂၀၀၈ ခုနှစ် မေလ ၁၉ ရက်နေ့တွင် စင်္ကာပူနိုင်ငံ၌ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ထားဝယ်ဇုန်မှ ဘန်ကောက်ထိ ချိတ်ဆက်မည့် လမ်းတည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံအစိုးရနှင့် ထိုင်းနိုင်ငံအစိုးရတို့ MoU လက်မှတ်ရေးထိုးခဲ့ပါသည်။

(ခ) ၂၀၀၈ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံ၊ နေပြည်တော်၌ ထားဝယ်ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်နှင့်ထားဝယ်ဇုန်မှ ဘန်ကောက်ထိချိတ်ဆက်မည့်လမ်း တည်ဆောက်ခြင်းတို့ အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ-ထိုင်း ကုမ္ပဏီတို့ MoU လက်မှတ်ရေးထိုးခဲ့ပါသည်။

(ဂ) ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် နေပြည်တော်၌ ထားဝယ်ရေနက် ဆိပ်ကမ်း၊ စက်မှုဇုန်နှင့် ထားဝယ်ဇုန်မှ ဘန်ကောက်ထိ ချိတ်ဆက်မည့်လမ်း တည်ဆောက်ခြင်းတို့ အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ-ထိုင်း ကုမ္ပဏီ တို့ မူဘောင်သဘောတူညီချက် (Frame work Agreement) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

(ဃ) ၂၀၁၃ ခုနှစ်၊ နိုင်ဝင်ဘာလ ၂၁ ရက်နေ့တွင် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နှင့် အီတာလျံ-ထိုင်းကုမ္ပဏီတို့ ချုပ်ဆိုထားသည့် ထားဝယ်ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်နှင့် ထားဝယ်ဇုန်မှ ဘန်ကောက်ထိချိတ်ဆက်မည့် လမ်းတည်ဆောက်ခြင်းများ အတွက် လက်မှတ်ရေးထိုးခဲ့သော လုပ်ငန်းရပ်စဲကြောင်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

(င) ၂၀၁၃ခုနှစ်၊ နိုင်ဝင်ဘာလ ၂၁ ရက်နေ့တွင် ထားဝယ်အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် အီတာလျံ-ထိုင်း ကုမ္ပဏီ တို့ မူဘောင်သဘောတူ ညီချက်(Frame work Agreement) ကို လက်မှတ်ရေးထိုး ခဲ့ပါသည်။

(စ) ၂၀၁၃ ခုနှစ်၊ နိုင်ဝင်ဘာလ ၂၁ရက်နေ့တွင် ထားဝယ် အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ထားဝယ်အထူးစီးပွားရေး ဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်နှင့် အီတာလျံ-ထိုင်း ကုမ္ပဏီတို့ သုံးပွင့်ဆိုင်နားလည်မှုစာချွန်လွှာ၊ (Tripartite Memorandum) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

(ဆ) ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် ထားဝယ်အထူးစီးပွား ရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်နှင့် အီတာလျံ – ထိုင်း ကုမ္ပဏီတို့သည် (Supplemental Memorandum of Understanding to the Tripartite Memorandum) ကို သဘောတူ လက်မှတ်ရေးထိုးခဲ့ပါသည်။

(ဇ) ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် ထားဝယ်အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီနှင့် အီတာလျံ – ထိုင်း ကုမ္ပဏီတို့သည် ၂ – လမ်းသွားကားလမ်းနှင့် ကနဦး စက်မှုဇုန်၊ ဆိပ်ကမ်းငယ်၊ ကနဦးလျှပ်စစ်ဓါတ်အားပေးစက်ရုံ၊ ကနဦး လူနေအဆောက်အဦများနှင့် မြို့ပြစီမံကိန်း၊ ကနဦးရေပေးဝေရေး စီမံကိန်း၊ ဆက်သွယ်ရေးလိုင်း၊ သဘာဝဓါတ်ငွေ့ရည် ဆိပ်ကမ်း လုပ်ငန်းများအတွက် (Concession Agreement) (၈)ခုကို ချုပ်ဆိုခဲ့ပါသည်။

၇၆။ ထားဝယ်အထူးစီးပွားရေးဇုန်အတွက် ရင်းနှီးတည်ဆောက်သူ (Developer) အဖြစ် အီတာလျံ– ထိုင်းကုမ္ပဏီမှ ဆောင်ရွက်လျက် ရှိပြီး အောက်ဖော်ပြပါ ကနဦးစီမံကိန်း (Initial Phase Project) (၉)ခု ကို ဆောင်ရွက်သွားရန် ဖြစ်ပါသည်–

(က) ကနဦးစက်မှုလုပ်ငန်းနယ်မြေ
(ခ) ၂–လမ်းသွားကားလမ်း
(ဂ) ဆိပ်ကမ်းငယ်
(ဃ) ကနဦးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်း
(င) ကနဦးမြို့ပြအိမ်ယာလုပ်ငန်း
(စ) ကနဦးရေပေးဝေရေးလုပ်ငန်း
(ဆ) ဆက်သွယ်ရေးလိုင်း
(ဇ) ယာယီလျှပ်စစ်ဓာတ်အားပေးလုပ်ငန်း
(ဈ) သဘာဝဓာတ်ငွေ့ရည်ဆိပ်ကမ်း

၇၇။ **ကနဦးစက်မှုနယ်မြေ။** ။ (Concession Agreement for InitialIndustrial Estate) မြေဧရိယာ ၂၇ စတုရန်းကီလိုမီတာအား ၈ နှစ်အတွင်း အကောင်အထည်ဖော်ရန်၊ ပထမအဆင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ၊ ဒုတိယအဆင့် ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ၊ တတိယအဆင့် ၂၀၂၀

ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိနှင့် စတုတ္ထအဆင့် ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ လျာထားပြီး ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁၀၁ သန်း ဖြစ်ပါသည်။

၇၈။ **၂ လမ်းသွားကားလမ်း။** ။အခြေအနေမှာ (Concession Agreement for Two Lane Road) လမ်းအရှည် ၁၃၈ ကီလိုမီတာ၊ လမ်းအကျယ် ၃.၅ မီတာ၊ ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၁၃၈ သန်း ရှိပါသည်။

၇၉။ **ဆိပ်ကမ်းငယ်။** ။အခြေအနေမှာဆိပ်ခံတံတား ၂ ခု (တန်ချိန် ၁၅၀၀၀ နှင့် ၄၀၀၀၀) ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ (၁၁)သန်း၊ ကနဦး ရေပေးဝေရေးလုပ်ငန်းအတွက် ပယင်းဖြူဆည်မှ ရေလှောင်ပမာဏ ရေဂါလံသန်း (၁၇၀၀)ခန့်၊ ရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာ (၁၅)သန်း၊ ကနဦး မြို့ပြအိမ်ယာလုပ်ငန်းစီးပွားရေးဇုန် လုပ်သားများအတွက်၊ အများဆုံး လူဦးရေ (၁၂၆၇၅၀)၊ အဆောက်အဦ ၅ ထပ်၊ ၈ ထပ်နှင့် ဆိုင်ခန်း (၃) ထပ်၊ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၆ သန်း၊ အပြည်ပြည်ဆိုင်ရာသို့ ဆက်သွယ်နိုင်မည့် Fiber Optics အား မြန်မာ–ထိုင်းနယ်စပ်ဖူနမ်ရွတ်အထိ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ (၉) သန်း၊ လျှပ်စစ်ဓာတ်အား ၄၅၀ မဂ္ဂါဝပ် အတွက် ပင်မလောင်စာသဘာဝ ဓာတ်ငွေ့ရည်၊ အရန်လောင်စာ ဒီဇယ်ဆီ တို့အတွက် ရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာသန်း(၅၀)၊ သဘာဝဓာတ်ငွေ့ ရည်မှ အငွေ့ပျံဓာတ်ငွေ့ဖြင့်မောင်းနှင်သည့် ၂.၅ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ပေးစက် (၇)လုံး အတွက် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ(၆)သန်း၊ ပန်းတင် အင်းချောင်းဝမှ မြောက်ဘက်သို့ ၁.၅ ကီလိုမီတာအကွာ၊ ရင်းနှီးမြှုပ်နှံမှု Early Gas Phase အတွက် အမေရိကန်ဒေါ်လာ (၁၁၁)သန်း၊ Main Phase အတွက် အမေရိကန်ဒေါ်လာ (၁၇၈)သန်း၊ စုစုပေါင်းအမေရိကန်ဒေါ်လာ(၂၈၉) သန်း တို့အတွက် သဘောတူစာချုပ်များနှင့် ဖြည့်စွက်ထားသော သုံးပွင့်ဆိုင် နားလည်မှု စာချွန်လွှာများ ချုပ်ဆိုခဲ့ပါသည်။

၈၀။ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်ဒေသစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ အစည်းအဝေးများ (JHC)ကို မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အောက်ပါအတိုင်း ကျင်းပခဲ့ပါသည်-

(က)	ပထမအကြိမ်	ထိုင်းနိုင်ငံ	၈-၁၁-၂၀၁၂
(ခ)	ဒုတိယအကြိမ်	ထိုင်းနိုင်ငံ	၁၇-၆-၂၀၁၃
(ဂ)	တတိယအကြိမ်	ထိုင်းနိုင်ငံ	၃၁-၁-၂၀၁၅
(ဃ)	စတုတ္ထအကြိမ်	မြန်မာနိုင်ငံ	၅ -၈-၂၀၁၅
(င)	ပဉ္စမအကြိမ်	ထိုင်းနိုင်ငံ	၁၄-၁၂-၂၀၁၅

၈၁။ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်ဒေသစီမံကိန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-ထိုင်း ပူးတွဲလုပ်ငန်းကော်မတီ အစည်းအဝေးများ (JCC)ကို မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အောက်ပါအတိုင်းကျင်းပခဲ့ပါသည် -

(က)	ပထမအကြိမ်	ထိုင်းနိုင်ငံ	၇-၁၁-၂၀၁၂
(ခ)	ဒုတိယအကြိမ်	မြန်မာနိုင်ငံ	၁၄-၁၂-၂၀၁၂
(ဂ)	တတိယအကြိမ်	ထိုင်းနိုင်ငံ	၆-၃-၂၀၁၃ မှ ၉-၃-၂၀၁၃
(ဃ)	စတုတ္ထအကြိမ်	ထိုင်းနိုင်ငံ	၂၁-၁၁-၂၀၁၃
(င)	ပဉ္စမအကြိမ်	ထိုင်းနိုင်ငံ	၃၀-၁-၂၀၁၅
(စ)	ဆဋ္ဌမအကြိမ်	မြန်မာနိုင်ငံ	၄-၈-၂၀၁၅
(ဆ)	သတ္တမအကြိမ်	ထိုင်းနိုင်ငံ	၁၃-၁၂-၂၀၁၅
(ဇ)	အဋ္ဌမအကြိမ်	ထိုင်းနိုင်ငံ	၃၀-၆-၂၀၁၇

၈၂။ ၁၇-၆-၂၀၁၃ ရက်နေ့တွင် ကျင်းပခဲ့သည့် မြန်မာ-ထိုင်း ပူးတွဲ အဆင့်မြင့်ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးတွင် ထားဝယ်အထူး စီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (Dawei SEZ Development Company as the Special Purpose Vehicle-SPV) အမည်ဖြင့် ထိုင်းနိုင်ငံ၌ ဖွဲ့စည်းမှတ်ပုံတင်ခဲ့ပြီး SPV-I မှဆောင်ရွက်ရန်ရှိသည့်လုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံ မတည်ငွေကို မြန်မာ-ထိုင်းနှစ်နိုင်ငံ ရှယ်ယာ ၅၀% စီဖြင့် ထိုင်းဘတ် (၁၂) သန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၈၃။ ၁၄-၁၂-၂၀၁၅ ရက်နေ့တွင် ကျင်းပခဲ့သည့် မြန်မာ-ထိုင်း ပူးတွဲ အဆင့်မြင့်ကော်မတီ၏ ပဉ္စမအကြိမ် အစည်းအဝေးတွင် ဆုံးဖြတ်ချက်အရ SPV-II တွင် ဂျပန်နိုင်ငံပါဝင်လာပြီး ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမတည်ငွေကို မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံအချိုးတူ ထိုင်းဘတ်(၆) သန်း စီဖြင့် စုစုပေါင်း ဘတ် (၁၈)သန်း ထည့်ဝင်ဆောင်ရွက်ခဲ့ပါသည်။

၈၄။ ၂-လမ်းသွားကားလမ်း တည်ဆောက်ရေးအတွက် တာဝန်ခံဝန်ကြီး ဌာနအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

၈၅။ ထားဝယ်(SEZ) – မေတ္တာ – ထီးခီးလမ်း 156 km (၉၇)မိုင် လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းပြီး ထိုင်းနိုင်ငံ NEDA ထံမှချေးငွေထိုင်းဘတ် (၄.၅)ဘီလီယံ ချေးယူနိုင်ရေး ပြည်ထောင်စု အစိုးရ အဖွဲ့ရုံးသို့တင်ပြခဲ့ပြီး စီးပွားရေးရာကော်မတီသို့ ဆက်လက်တင်ပြခဲ့ရာ မူအားဖြင့် သဘောတူပြီး ပြည်ထောင်စုလွှတ်တော်မှလည်းချေးငွေရရှိရေး အတည်ပြု ဆုံးဖြတ်ခဲ့ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကောင်အထည်ဖော်

ဆောင်ရွက်မှုအခြေအနေ

Drilling & Completion

OGT EXHIBITION HALL

ကျောက်ဖြူအထူးစီးပွားရေးဇုန်

၈၆။ ကျောက်ဖြူဒေသအားအထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံးမှ (၂၃-၁၁-၂၀၁၁) ရက်နေ့တွင် ခွင့်ပြုခဲ့၍ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကို (၁၂-၁၀-၂၀၁၆) ရက်နေ့တွင် ပြန်လည် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၈၇။ ကျောက်ဖြူအထူးစီးပွားရေးဇုန်သည်ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်အတွင်းတည်ရှိပြီး စီမံကိန်းများအနေဖြင့် ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် ၆၀၇.၈၈ ဧက (၂၄၆ ဟက်တာ)၊ စက်မှုဇုန် စီမံကိန်းအတွက် ၂၄၄၆.၀၇ ဧက (၉၈၉.၉ ဟက်တာ) နှင့် အဆင့်မြင့်အိမ်ရာစီမံကိန်း အတွက် ၁၂၃၅.၃၇ ဧက (၄၉၉.၉၃ ဟက်တာ)၊ စုစုပေါင်း ၄၂၈၉.၃၂ ဧက (၁၇၃၅.၈၃ ဟက်တာ) လျာထားပါသည်။

၈၈။ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို လုပ်ငန်းအဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်စိတ်ကူးစီမံချက် (Conceptual plan) ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ် ဇူလိုင်လအထိ အကြမ်းကြမ်းကွင်းဆင်းလေ့လာရေးဆွဲ၍ လည်းကောင်း၊ အကြံပေးကုမ္ပဏီ Consulting Firm ရွေးချယ်ခြင်းကို ၂၀၁၃ ခုနှစ်တွင်နိုင်ငံတကာတင်ဒါခေါ်ယူ၍ စင်္ကာပူနိုင်ငံ အခြေစိုက် Creative Porfessional Group (CPG) အကြံပေးကုမ္ပဏီကို ရွေးချယ်၍ လည်းကောင်း၊ ရင်းနှီးတည်ဆောက်သူ (Developer) ရွေးချယ်မှုကို ၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာတင်ဒါခေါ်ယူ၍ (CITIC) ကုမ္ပဏီအုပ်စု ကို စက်မှုစီမံကိန်းနှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် ရွေးချယ်ခဲ့ပြီး (၃၀-၁၂-၂၀၁၅) ရက်နေ့တွင် တင်ဒါအောင်မြင်ကြောင်း ကြေငြာခဲ့၍ လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

၈၉။ ငွေကြေးထည့်ဝင်မှုနှင့် အစုရှယ်ယာပိုင်ဆိုင်မှုအနေဖြင့် ရေနက်ဆိပ်ကမ်း စီမံကိန်းတွင် ရင်းနှီးတည်ဆောက်သူက ၇၀% နှင့် မြန်မာဘက်မှ ၃၀% (အစိုးရမှ ၁၅% + GDE ၁၅%) နှင့် စက်မှုဇုန် စီမံကိန်းအတွက် ရင်းနှီး တည်ဆောက်သူက ၅၁% နှင့် မြန်မာဘက် ၄၉% (အစိုးရမှ ၁၀% + GDE ၃၉%) ငွေကြေးထည့်ဝင်ရန်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၉၀။ နိုင်ငံတော်သမ္မတ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း ကျောက်ဖြူအထူးစီးပွားရေးဇုန် ဆိုင်ရာ Exchange of Letter ကို (၁၀.၄.၂၀၁၇) ရက်နေ့တွင် ပီကင်းမြို့၌ ကျောက်ဖြူအထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် CITIC Group ဥက္ကဋ္ဌတို့ နှစ်ဖက်အပြန်အလှန် လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ပါသည်။



၉၁။ ကျောက်ဖြူအထူးစီးပွားရေးဇုန်လုပ်ငန်းများကို ရင်းနှီးတည်ဆောက်သူ CITIC Consortiums နှင့် တွဲဘက်ဆောင်ရွက်မည့် အစိုးရအသိအမှတ်ပြု မြန်မာအများပိုင်ကုမ္ပဏီ Government Designated Entity (GDE) အဖြစ် မြန်မာကုမ္ပဏီ(၅၂)ခုနှင့် ဖွဲ့စည်းထားသည့် မြန်မာကျောက်ဖြူ အထူးစီးပွားရေးဇုန် ဟိုး(လ်)ဒင်းကုမ္ပဏီအုပ်စု အများနှင့်သက်ဆိုင်သောကုမ္ပဏီ (Myanmar KyaukPhyu SEZ Holding Public Co., Ltd) (MKSHC) ကို (၅-၁၂-၂၀၁၇) ရက်နေ့တွင် အသိအမှတ်ပြုလွှာ ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

၉၂။ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကိုယ်စား ဖက်စပ်ကုမ္ပဏီအဖြစ် ပါဝင်ဆောင်ရွက်ရန်အတွက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် (KPSEZ Project Development Co.,Ltd.) (KPSEZ PDC) ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့တွင် ဖွဲ့စည်းပြီးဖြစ်ပါသည်။

၉၃။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းမူဘောင် သဘောတူညီချက် Framework Agreement (DSP) ကို နေပြည်တော်၌ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် CITIC Consortium တို့ နှစ်ဖက်အပြန်အလှန် လက်မှတ်ရေးထိုး ဆောင်ရွက်ပြီးဖြစ်ပါသည်။

၉၄။ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် Transaction Documents ပါ စာချုပ်များဖြစ်သည့် Shareholder Agreement၊ Land Lease Agreement နှင့် Concession Agreement များစသည့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ရေးအတွက် ကျောက်ဖြူအထူးစီးပွားရေး ဇုန်စီမံခန့်ခွဲမှုကော်မတီက ဦးဆောင်၍ ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိပါသည်။

၉၅။ ယင်းသို့ Transaction Documents ပါ စာချုပ်များ ချုပ်ဆိုနိုင်ရေး ညှိနှိုင်းဆောင်ရွက် နေစဉ်အတွင်း EIA/SIA, G.T Survey လုပ်ငန်းများကို လည်း ဆောင်ရွက်နိုင်ရေးအတွက် Project Management Company (PMC) Consultant ကို နိုင်ငံတကာတင်ဒါခေါ်၍ ရွေးချယ်ငှားရမ်းနိုင်ရေးနှင့် သက်ဆိုင်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်လုပ်ကိုင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၉၆။ အဆိုပါလုပ်ငန်းများဆောင်ရွက်ခြင်းနှင့်အတူ မြေယာလျော်ကြေး နစ်နာကြေးများ ပေးချေနိုင်ရေး၊ Resettlement ပြန်လည်နေရာချထားနိုင်ရေးနှင့် စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉၇။ ၂၀၁၉ ခုနှစ် ဇူလိုင်လ အတွင်း KPSEZ MC , CITIC Consortium နှင့် HATCH Associates Ltd (ESIA & PGTS တာဝန်ယူဆောင်ရွက်မည့်အဖွဲ့) မှ တာဝန်ရှိသူများသည် (၂-၇-၂၀၁၉) တွင် Kick-off meeting ကို ရန်ကုန်မြို့တွင် ကျင်းပပြီး (၃-၇-၂၀၁၉ မှ ၅-၇-၂၀၁၉) အထိ ကျောက်ဖြူသို့ ကွင်းဆင်းလေ့လာရန် (၆-၇-၂၀၁၉ မှ ၈-၇-၂၀၁၉ ထိ) CITIC Consortium နှင့် HATCH Associates Ltdတို့ ESIA & PGTS လုပ်ငန်းများနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေး ဆောင်ရွက်မည်ဖြစ်ပါသည် ။


Kyauk Phyu Special Economic Zone Master Plan
– Catchment Area Phase 1 (until 2025)
Total catchment area :
46.8 sqkm
KyaukPhyu
Ramree
Possible locations for reservoirs
KP Catchment area
Toporgraphy
meter
1 - 4
5 - 7
8 - 10
11 - 20
21 - 30
31 - 40
41 - 50
51 - 100
101 - 200
201 - 636
0 2 4 8 Km

SIGNING CEREMONY OF THE FRAMEWORK AGREEMENT
on
KYAUK PHYU SPECIAL ECONOMIC ZONE DEEP SEA PORT PROJECT
between
Kyauk Phyu Special Economic Zone Management Committee
and
CITIC Consortium
Naypyitaw

SIGNING CEREMONY OF THE FRAMEWORK AGREEMENT
on
KYAUK PHYU SPECIAL ECONOMIC ZONE DEEP SEA PORT PROJECT


November, 2018
mizzima

၉၈။ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယသမ္မတ(၁) ခေါင်းဆောင်သည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးခေါင်းဆောင်သည့် ကုန် သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့တို့တွင် Focal Ministry အဖြစ်ဆောင်ရွက်လျက်ရှိပါသည်။

၉၉။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ပါအစီအစဉ်များကို ပိုမို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ “ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ” ကို နိုင်ငံတော် သမ္မတရုံး၏ ၂၄.၁၀.၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၁၀၀။ “ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ” တွင် ဥက္ကဋ္ဌသည် ဒုတိယသမ္မတ (၁) ဖြစ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဥက္ကဋ္ဌ ဖြစ်ပါသည်။ အစိုးရဌာနများမှ အဖွဲ့ဝင် (၁၅)ဦး၊ ပုဂ္ဂလိကကဏ္ဍကိုယ်စားပြုအဖွဲ့ဝင်(၃) ဦးတို့နှင့် စုစုပေါင်း အဖွဲ့ဝင် (၂၀) ဦးဖြင့် ဖွဲ့စည်းထားပါသည်။

၁၀၁။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပုဂ္ဂလိကကဏ္ဍဆိုင်ရာ ဥပဒေနှင့်စည်းမျဉ်းများ အရည်အသွေး တိုးတက် ကောင်းမွန်လာစေရေး နှင့်အငြင်းပွားမှုဖြေရှင်းခြင်း တို့အတွက် ကောင်းမွန်သော အစီအမံများ ချမှတ်နိုင်ရန် မူဝါဒ လမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊ ညှိနှိုင်းပေါင်းစပ် ဖြေရှင်း ပေးခြင်း။

(ခ) ငွေကြေးဆိုင်ရာကဏ္ဍနှင့်စပ်လျဉ်း၍ ပိုမိုပွင့်လင်းမြင်သာမှု ရှိသည့် မူဝါဒများနှင့် စည်းမျဉ်းများရေးဆွဲနိုင်ရန် မူဝါဒလမ်းညွှန်ချက်များချမှတ်ပေးခြင်း ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

(ဂ) ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာစေရန် မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း။

(ဃ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများပြုပြင်ပြောင်းလဲရေး၊ ခိုင်မာသော အစိုးရ – ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မှု **(Private–Public–Partnership)** လုပ်ငန်းအစီအစဉ်တို့အတွက် မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

(င) လူ့စွမ်းအားအရင်းအမြစ် ပိုမိုကောင်းမွန်လာရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မူဝါဒလမ်းညွှန်ချက်များချမှတ် ပေးခြင်း၊ ညှိနှိုင်းဆောင်ရွက် ပေးခြင်းတို့ဖြစ်ပါသည်။

(စ) ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးသာမက ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို ထိထိရောက်ရောက် ဖြေရှင်းပေးနိုင်ရန် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း ကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ လုပ်ငန်း ကော်မတီ (၅)ခု နှင့် ဥက္ကဋ္ဌများမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည် –

ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာ ဂုဏ်ကျင်တိုးတက် ကောင်းမွန်စေရေး လုပ်ငန်းကော်မတီ	အမြဲတမ်းအတွင်းဝန် ပြည်ထောင်စု ရှေ့နေချုပ်ရုံး

ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများဆောင်ရွက်ရေး လုပ်ငန်းကော်မတီ	ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကိုအားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ	အမြဲတမ်းအတွင်းဝန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
စီးပွားရေးနှင့်ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအားပြန်လည်ရေးဆွဲရေးကော်မတီ	အမြဲတမ်းအတွင်းဝန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
အခြေခံလူသားအရင်းအမြစ်တည်ဆောက်ရေး လုပ်ငန်းကော်မတီ	ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန

၁၀.၂။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းကော်မတီများနှင့် တွေ့ဆုံ၍ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို နှစ်လတစ်ကြိမ်ညှိနှိုင်းကျင်းပရန် သတ်မှတ်ထားပါသည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ပထမအကြိမ်ကို စတင်ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ် အတွင်း (၄) ကြိမ်၊၂၀၁၈ ခုနှစ်အတွင်း (၃)ကြိမ် ၊ ၂၀၁၉ နှစ်တွင် (၁)ကြိမ် ကျင်းပနိုင်ခဲ့သည့်အတွက်

စုစုပေါင်း (၉) ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံသည့် အစည်းအဝေး များကို ၂၅.၅.၂၀၁၉နေ့အထိ(၂၇) ကြိမ်ကျင်းပခဲ့ပြီးဖြစ်ပါသည်။ (၂၅)ကြောက် အစည်းအဝေးအထိ စီးပွားရေးလုပ်ငန်းရှင်များ၏အခက်အခဲ၊ အကြံပြု တင်ပြချက် စုစုပေါင်း (၃၃၉)ချက် ရှိခဲ့ပြီး အဆိုပါ တင်ပြချက်အားလုံးကို သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထံသို့ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တဆင့် ပြန်ကြားပေးခဲ့ပြီးဖြစ်ပါသည်။

၁၀၃။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ပါ ကာလတို/ ကာလရှည် လုပ်ငန်းများအား လုပ်ငန်းကော်မတီများမှ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လစဉ်ဆောင်ရွက် နေသော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စီးပွားရေးလုပ်ငန်း ရှင်များမှ တွေ့ဆုံဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖြေကြားရှင်းလင်းမှုကို ပြုလုပ်လျက်ရှိရာ အချို့သောကိစ္စရပ်များမှာ ဆက်လက် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်နေသဖြင့် ပြီးပြတ်သည်အထိ သက် ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းကော်မတီများမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံ၍ ဆွေးနွေးပွဲ (Private–Public Dialogue) များအား စဉ်ဆက်မပြတ် ပြုလုပ်၍ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်၊ဇန်နဝါရီလ ၁၇ ရက်နေ့ နံနက် (၁၁:၀၀) နာရီ (၆)ကြိမ်မြောက်
ပုဂ္ဂလိကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင်ဒုသမ္မတဦးမြင့်ဆွေမှ
အဖွင့်အမှာစကားပြောကြားနေစဉ်

ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုများ

၁၀၄။ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ရာတွင် နိုင်ငံတကာလုပ် ထုံးလုပ်နည်းများနှင့်အညီ ရင်ဘောင်တန်းမြှင့်တင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရ၏ အမိန့် ကြော်ငြာစာအမှတ် (၅၇/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် ဩဂုတ်လတွင်ဖွဲ့စည်းခဲ့ပါသည်။ ကုန်သွယ်ရေးနှင့် စီးပွားရေး လုပ်ငန်းများမြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့ကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာ စာအမှတ် ၈/ ၂၀၁၆ဖြင့်ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် အမိန့် ကြော်ငြာစာအမှတ် ၆၂/ ၂၀၁၇ ဖြင့်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၁၀၅။ အဆိုပါအဖွဲ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာနမှ တွဲဖက် အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ပြီး ဝန်ကြီးဌာန (၉) ခုမှ အဖွဲ့ဝင်များ(၁၇) ဦး၊ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားပြုအဖြစ် UMFCCI မှ (၂) ဦးနှင့် စုစုပေါင်း (၁၉)ဦး တို့ဖြင့် ပါဝင်ဖွဲ့ စည်းခဲ့ပါသည်။

၁၀၆။ အထူးလုပ်ငန်းအဖွဲ့သည်အစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍအကြား ကုန်သွယ်ရေးနှင့် သက်ဆိုင်သော လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးသည့် အဖွဲ့တစ်ခုဖြစ်ပါသည်။ အထူးလုပ်ငန်းအဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (**MYANTRADE**)တွင် ဖွဲ့စည်းတည်ရှိပါသည်။ မူလ ရည်ရွယ်ချက်အားဖြင့် အတွင်းရေးမှူးရုံးအဖွဲ့ကို အထူးကျွမ်းကျင်သူ အမြဲတမ်းဝန်ထမ်း (၁၀) ဦးခန့်ဖြင့် ဖွဲ့စည်းတည်ထောင်ရန် ဖြစ်ပါသည်။ အထူးလုပ်ငန်းအဖွဲ့သည် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများတွင်

ဖြစ်ပေါ်သည့် ပုဂ္ဂလိကကဏ္ဍ၏အခက်အခဲများကိုဖြေရှင်းနိုင်ရန် ပုဂ္ဂလိကကဏ္ဍမှတင်ပြလာသည့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် အခက်အခဲ **Issue**များအပေါ် ရုံးလုပ်ငန်းအဖွဲ့မှ အမှာစာပြုစုပြီး တွေ့ဆုံဆွေးနွေးပွဲများကျင်းပ၍ ညှိနှိုင်းဆောင်ရွက်ပေးနေပါသည်။

၁၀၇။ ကုန်သွယ်ရေးမူဝါဒနှင့် စီးပွားရေးကဏ္ဍအလိုက်မူဝါဒများကို ခေတ်ကာလနှင့်အညီ နိုင်ငံတကာလုပ်ထုံး လုပ်နည်းများအတိုင်း လိုက်လျောညီထွေဖြစ်အောင် ဆွေးနွေးညှိနှိုင်းတင်ပြခြင်း၊ အခက်အခဲအတားအဆီးဖြစ်နေသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဖြေလျှော့ပေးနိုင်ရေး၊ အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးမှုကို ရှေးရှုသည့် ရေတိုရေရှည် မဟာဗျူဟာနှင့် နည်းဗျူဟာများရေးဆွဲအကောင်အထည်ဖော်ရေး၊ ကုန်သွယ်မှုချောမွေ့စေရေးအတွက် **One Stop Service** ကို ထိရောက်စွာဆောင်ရွက်ပေးရေး၊ ပြည်တွင်းပြည်ပ ဈေးကွက်များနှင့် ချိတ်ဆက်နိုင်မည့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာသုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် အာဆီယံစီးပွားရေးဆိုင်ရာ ပြင်ဆင်မှုများကို အရှိန်မြှင့်တင်ရေးတို့ကို ဆောင်ရွက်နိုင်ရေး အတွက် ဆောင်ရွက်ပေးနေ ပါသည်။

၁၀၈။ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့သည် ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများတွင် ဖြစ်ပေါ်လာသည့် ပုဂ္ဂလိကကဏ္ဍ၏အခက်အခဲများကို ဖြေရှင်း ညှိနှိုင်းပေးရန်အတွက် အစည်းအဝေးကိုတစ်လလျှင် (၁)ကြိမ်ကျင်းပရန် သတ်မှတ်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်(ပြီးမှမတ်)တွင် နေပြည်တော်တွင် (၅) ကြိမ်၊ ရန်ကုန်တွင် (၁၁) ကြိမ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီမှမတ်) တွင် (၅) ကြိမ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာမှ ၂၀၁၉ ဇူလိုင် ၁၀ ရက်နေ့အထိ) (၁)ကြိမ်၊ ကျင်းပပြုလုပ်ခဲ့ရာ စုစုပေါင်း(၂၃) ကြိမ် ကျင်းပနိုင်ခဲ့ပြီး ကုန်သွယ်ရေး နှင့် စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ပုဂ္ဂလိက ကဏ္ဍမှ လုပ်ငန်းရှင်များကြုံတွေ့ရသည့် အခက်အခဲများကို ဖြေရှင်း ဆောင်ရွက်ပေး လျက်ရှိပါ သည်။

၇.၁၁.၂၀၁၇ ရက်နေ့တွင် ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် World Bank Group(Doing Business Unit)မှကျွမ်းကျင်သူများနှင့် Doing Business Indicator အထောက်အကူပြုအဖွဲ့ ခေါင်းဆောင်များ တွေ့ဆုံ ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

၂၆.၁၀.၂၀၁၇ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ကုန်သွယ်ရေးနှင့် စီးပွားရေး လုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့ (ရုံးလုပ်ငန်းအဖွဲ့) ၏ Doing Business အထောက်အကူပြုအဖွဲ့များကို ပြန်လည်ဖွဲ့စည်း ဆောင်ရွက်သွားမည့်ကိစ္စနှင့်ပတ်သက်၍ အကြိုညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြား

၂၀၁၇ ခုနှစ်၊ဖေဖော်ဝါရီလ ၈ရက်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် Kampinski Hotel နေပြည်တော်တွင်ကျင်းပပြုလုပ်သော Workshop on Task Force for Trade and Business Promotion "Supporting Doing Business Reforms in Myanmar"အစည်းအဝေးကျင်းပနေစဉ်

၂၀၁၇ ခုနှစ်၊နိုဝင်ဘာလ ၃၀ ရက်နေ့၊နံနက် (၁၀:၀၀) နာရီတွင် ရုံးအမှတ်(၃)၊
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်တွင်
ကျင်းပပြုလုပ်သည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊
နိုင်ငံတော်ဒုတိယသမ္မတ(၁) အားတွေ့ဆုံတင်ပြရန် **Doing Business**
အထောက်အကူပြုခေါင်းဆောင်များ ကြိုတင်ဆွေးနွေးသည့် အစည်းအဝေး

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့၏
ပထမအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေး မှတ်တမ်းဓါတ်ပုံ(၅-၅-၂၀၁၆)

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့၏
ဒုတိယအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေး မှတ်တမ်းဓါတ်ပုံ(၈-၆-၂၀၁၆)

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏
(၃/၂၀၁၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂၇-၁၀-၂၀၁၆)

၁၀၉။ မြန်မာနိုင်ငံ၏Ease of Doing Business ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ၂၀၁၅ ခုနှစ်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့ နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးခဲ့ပါသည်။

(ခ) အဆိုပါ MOU အရ ကမ္ဘာ့ဘဏ်မှ နိုင်ငံတကာအဆင့် အကြံပေးပုဂ္ဂိုလ်ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ခန့်အပ်ပေးခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဇွန်လတွင် နိုင်ငံသား အကြံပေးပုဂ္ဂိုလ်ကို ထပ်မံခန့်အပ်တာဝန်ပေးခဲ့ပါသည်။

(ဂ) ၎င်းအကြံပေးတို့၏အဓိကတာဝန်များမှာ Doing Business နှင့် ဆိုင်သော ပြုပြင်ပြောင်းလဲမှု၊ အစိုးရနှင့်ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးပွဲများမှ ပေါ်ထွက်လာသောကိစ္စရပ်များနှင့် အရည်အသွေးမြှင့်တင်ရေးစသည့်ကိစ္စရပ်များတွင် ပံ့ပိုးကူညီ ဆောင်ရွက်ရန် ဖြစ်ပါသည်။

(ဃ) ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဦးဆောင်မှု၊ အထူးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှု၊ Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်း အဖွဲ့၏ အနီးကပ် ကြီးကြပ် အကောင်အထည်ဖော်မှုဖြင့် မြန်မာနိုင်ငံ၏ Ease of Doing Business Ranking မြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

(င) မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ဆောင်နိုင်မှုအဆင့်များ တိုးတက်လာစေရေးအတွက် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည်များအချိန်နှင့် တစ်ပြေးညီချိတ်ဆက် ဆောင်ရွက်နိုင်ရန်အတွက် Ease of Doing Business Ranking

တိုးတက်ရေး လုပ်ငန်းအဖွဲ့အား ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၈-၁-၂၀၁၈ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ပုဂ္ဂလိကကော်မတီ/ ၂၀၁၈ (၀၀၇) ဖြင့် အဖွဲ့ဝင် (၁၄)ဦးဖြင့် လည်းကောင်းဖွဲ့စည်းခဲ့ပါသည်။

(စ) စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အဆင်ပြေ လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် World Bank Group (IFC)၏ အကူအညီဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းကိုတိုင်းတာသည့် World Bank ၏ Ease of Doing Business Ranking မြင့်မားရေးအတွက် အညွှန်းကိန်းအလိုက် သက်ဆိုင်ရာဌာနများမှ Focal Person များဖြင့် ဖွဲ့စည်းထားသည့် အထောက်အကူပြုအဖွဲ့များကို ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၄.၅.၂၀၁၇ ရက်စွဲပါစာအမှတ်၊ ပုဂ္ဂလိက ကော်မတီ/၂၀၁၇ (၀၄၇)၊ အစိုးရ နှင့် ပုဂ္ဂလိကကဏ္ဍမှ အထောက်အကူပြု အဖွဲ့ဝင် (၃၂)ဦးဖြင့် ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည်။

(ဆ) Ease of Doing Business နှင့် ပတ်သက်ပြီး၂၀၁၆ အောက်တိုဘာလမှ ၂၀၁၇ စက်တင်ဘာလအထိ (၁၄) ကြိမ် ၊ ၂၀၁၇ အောက်တိုဘာလမှ ၂၀၁၈ စက်တင်ဘာလအထိ (၃၀) ကြိမ်နှင့် ၂၀၁၈ အောက်တိုဘာလမှ ၂၀၁၉ စက်တင်ဘာလ အထိ (၂၃) ကြိမ်ကျင်းပပြုလုပ်ခဲ့ပါသည်။ Indicator (၁၀) ခု နှင့် သက်ဆိုင်သည့်ဌာနများမှ ပေးပို့လာသည့် Standard Operation Procedure များ ၊ Information Counter များကို www.trade.gov.mm Website တွင်တင်ပြခြင်း လုပ်ငန်းများ ဆောင်ရွက်နေပါသည်။

(ဇ) လုပ်ငန်းလုပ်ကိုင်ရန် လွယ်ကူမှု Ease of Doing Business တွင် မြန်မာနိုင်ငံ၏ အဆင့်ရပ်တည်မှုကို ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည့် Doing Business အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ အလုံးစုံခြုံငုံသော အဆင့်သတ်မှတ်ချက်မှာ -၂၀၁၄ ခုနှစ် ၁၈၂ ဆင့် ၊ ၂၀၁၆ ခုနှစ်တွင် ၁၇၁ ဆင့်ရှိရာမှ ၂၀၁၇ ခုနှစ်တွင် နိုင်ငံပေါင်း (၁၉၀)အနက် အဆင့် (၁၇၀) သို့ ရောက်ရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် နိုင်ငံပေါင်း (၁၉၀) အနက် အဆင့် (၁၇၁)သို့ တစ်ဆင့်ပြန်လည်ကျဆင်းခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် နိုင်ငံပေါင်း (၁၉၀) အနက် အဆင့် (၁၇၁)တွင် ရပ်တည်နေပါသည်။

(ဈ) ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည့် Doing Business အစီရင်ခံစာတွင် မြန်မာနိုင်ငံမှရရှိသည့် အမြင့်ဆုံးစွမ်းဆောင်ရည်မှ ကွာလှမ်းမှုရမှတ် (DTF Score)မှာ-၂၀၁၇ ခုနှစ်တွင် (၄၃.၉၁)၊ ၂၀၁၈ ခုနှစ်တွင် (၄၄.၂၁) သို့ တိုးတက်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် (၄၄.၇၂) သို့ တိုးတက်ခဲ့ပါသည်။

Business Promotion

"Supporting Doing Business Reforms in Myanmar" မှတ်တမ်းဓါတ်ပုံ

(၆-၂-၂၀၁၇)

၂၅.၁.၂၀၁၈ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးအောင်ထူးနှင့်ကမ္ဘာဘဏ်အုပ်စုတို့ Doing Business Reforms ဆောင်ရွက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ပတ်တစ်ကြိမ်တွေ့ဆုံဆွေးနွေးမှု

၁၁၀။ ဝန်ကြီးဌာန၏ ရုံးလုပ်ငန်းစီမံခန့်ခွဲမှုစနစ် (DEMS) စနစ်ကို မိမိဌာန ဌာနခွဲများမှ လိုက်ပါသုံးစွဲနိုင်ရေးအတွက် ကုန်သွယ်ရေးဦးစီးဌာနနှင့် ညှိနှိုင်း၍ User Account များပြုလုပ်ခြင်းနှင့် အသုံးပြုနိုင်ရေး လိုအပ်သည်များကို ဆောင်ရွက်ခဲ့ပါသည်။ DEMS စနစ်သည် ဝန်ထမ်းများနှင့် အထက်အရာထမ်းများအကြား Online မှ တစ်ဆင့် အချိန်၊ နေရာမရွေး ဆက်သွယ်ခြင်းဖြင့် စာရွက်စာတမ်းများ လျှော့ချအသုံးပြုနိုင်မည်ဖြစ်ပါသည်။ အဆိုပါ Online စနစ်ပေါ်တွင် Report ခေါင်းစဉ်များသတ်မှတ်၍ အပတ်စဉ်၊ လစဉ်၊ အစီရင်ခံစာများကို တင်ပြနိုင်အောင် ဆောင်ရွက်ထားရှိခဲ့ပါသည်။

၁၁၁။ ရန်ကုန်မြို့ ကမ်းနားလမ်း (၅) လွှာတွင် မြန်မာကုန်သွယ်မှု မြှင့်တင်ရေး အဖွဲ့ ရုံးခန်းဖွဲ့စည်းမှုတွင် ကွန်ပျူတာ Net Work ချိတ်ဆက်ခြင်းနှင့် အင်တာနက်လုံခြုံစွာ အသုံးချနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

၁၁၂။ နိုင်ငံပိုင် Website များ နည်းပညာဆိုင်ရာတိုက်ခိုက်မှုများ ဖြစ်ပေါ်နေပါသဖြင့် မိမိတို့ ဌာနအနေဖြင့် ဆောင်ရွက်ထားရှိသော လုံခြုံရေးဆိုင်ရာ အားနည်းချက်၊ အားသာချက်များနှင့် တိုက်ခိုက်မှုများမှ ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းများကို အကြံပြုစာတမ်းငယ် ပြုစုတင်ပြ ခဲ့ပါသည်။

၁၁၃။ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ရုံးချုပ်နှင့် Trade Center မှ ဝန်ထမ်းများအား တစ်ဖက်ပါသင်တန်းများကို ဖွင့်လှစ်ပို့ချခဲ့ပါသည် –

စဉ်	သင်တန်းအမည်	သင်တန်းကာလ	
		မှ	ထိ
(က)	Website အသုံးချနည်းသင်တန်း	၁၆-၁- ၁၇	၂၁- ၁- ၁၇
(ခ)	Exporter များအတွက် သတင်းအချက်အလက်များ Website တွင် တင်ပြပေးနိုင်ရေးသင်တန်း	၂၄-၄-၁၈	၂၇-၄-၁၈
(ဂ)	Content Management System (CMS)၊ DEMS အသုံးပြုနည်း၊ ကွန်ပျူတာနှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း	၂၈-၈-၁၈	၃၀-၈-၁၈
(ဃ)	**myantrade.org(website)**တွင် ကဏ္ဍအလိုက် အချက်အလက်များ စဉ်ဆက်မပြတ်တင်ပြနိုင်ရေးသင်တန်း(၁/၂၀၁၉)	၂၉-၅-၁၉	၃၀-၅-၁၉

၁၁၄။ e-Government အကောင်အထည်ဖော်မှုအစီအစဉ်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ဖွင့်လှစ်ပို့ချသည့် တစ်ဖက်ပါသင်တန်းများအား ဝန်ထမ်းများကို စေလွှတ်တက်ရောက်စေခဲ့ပါသည်-

စဉ်	သင်တန်းအမည်	သင်တန်းကာလ	
		မှ	ထိ
(က)	Basic Networking Course Level -1	၂၉-၁၀-၁၈	၈-၁၁-၁၈
(ခ)	Authentication and Digital Signature Course	၂၅-၁၂-၁၈	၂၈-၁၂-၁၈
(ဂ)	Design HTML 5 and CSS 3 Course	၄-၃-၁၉	၁၅-၃-၁၉
(ဃ)	Data Analytic and Business Intelligence	၂၅-၃-၁၉	၂၆-၃-၁၉
(င)	Windows Server Administration Course -1	၁၀-၆-၁၉	၂၁-၆-၁၉
(စ)	Responsive Web Design and Java Script Course	၂၄-၆-၁၉	၁၂-၇-၁၉
(ဆ)	Miscrsoft Officer 365 User Training	၃၁-၇-၁၉	-
(ဇ)	Miscrsoft Officer 365 Administrator Training	၃၁-၇-၁၉	၁-၈-၁၉

၁၁၅။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဌာနခွဲများအနေဖြင့် ရုံးလုပ်ငန်းကိစ္စများကို email ဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ရုံးလုပ်ငန်းဆိုင်ရာ သတင်းအချက်များ ပေးပို့ရာတွင် လေးနက်မြန်ဆန် ထိရောက်စေရန် ရည်ရွယ်၍ ဌာနခွဲအလိုက် ရုံးလုပ်ငန်းသုံး email (personal မဟုတ်သည့်) များ သတ်မှတ်သုံးစွဲရန်နိုင်ရန် ဌာနခွဲအလိုက် email Account များ ပြုလုပ်ခဲ့ပါသည်။

၁၁၆။ နိုင်ငံတကာစံနှုန်းနှင့်အညီ trade information & e-Commerce စနစ်ဖြစ်သော www.myantrade.org (website) ကို တည်ဆောက်ခဲ့ပြီး မြန်မာ Exporter များ သိရှိလေ့လာနိုင်ရန် ဥရောပသမဂ္ဂ (EU) နှင့် နိုင်ငံအလိုက် ဈေးကွက်နှင့် ထုတ်ကုန်ဆိုင်ရာ အချက်အလက်များ စံချိန်စံညွှန်း သတ်မှတ်ချက်များကို တင်ပြပေးမည့်အစီအစဉ်၊ နိုင်ငံတကာဈေးကွက်မှ လိုအပ်သော မြန်မာကုန်ပစ္စည်းများကို မြန်မာ Exporter များ သိရှိလေ့လာနိုင်စေရန် ထွက်ကုန်ကဏ္ဍအလိုက် လိုအပ်ချက်နှင့် အရည်အသွေးစံချိန်စံညွှန်းများကို တင်ပြထားသည့် to sell ကဏ္ဍနှင့် ပြည်ပ Buyer များအနေဖြင့် မြန်မာနိုင်ငံမှ ဝယ်ယူရရှိနိုင်မည့် ထွက်ကုန်များနှင့် ယင်းတို့၏ နိုင်ငံသို့ တင်သွင်းလိုပါက လုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများကို သိရှိနိုင်စေရန် တင်ပြပေးမည့် to Buy ကဏ္ဍများကို နိုင်ငံတကာမှ Trade Information ဆိုင်ရာ ပညာရှင်များနှင့် ညှိနှိုင်းရေးဆွဲ ထားပါသည်။

၁၁၇။ မြန်မာ Exporter များနှင့် ပြည်ပမှ Buyer များအတွက် ပို့ကုန်မြှင့်တင်နိုင်ရေးနှင့် သတင်းအချက်အလက်များ ဖလှယ်နိုင်ရန် ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တည်ဆောက်ထားသည့် www.myantrade. org (website) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ UMFCCI အစည်းအဝေးခန်းမ၌ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

Myantrade.org website ဖွင့်ပွဲ မှတ်တမ်းဓါတ်ပုံများ

Myantrade.org website ဖွင့်ပွဲ မှတ်တမ်းဓါတ်ပုံများ



www.myantrade.org တွင် ဖော်ပြပါရှိသည့် Template များ



www.myantrade.org တွင် ဖော်ပြပါရှိသည့် Template များ



www.myantrade.org တွင် ဖော်ပြပါရှိသည့် Template များ

၁၁၈။ www.myantrade.org (website) တွင် ကုန်သွယ်မှုမြှင့်တင်ရေးကို အထောက်အကူ ပြုစေရန်အတွက် ပြည်ပ Buyer များနှင့် မြန်မာ Exporter များကို ချိတ်ဆက်ပေးပြီး Online ဖြင့် အချင်းချင်းဆက်သွယ်ညှိနှိုင်းပေးမည့် B2B e-Commerce (Chatting) စနစ်ကိုလည်း ထည့်သွင်းပေးထားပြီး အချိန်နှင့် တစ်ပြေးညီ လုပ်ငန်းများဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၁၁၉။ မြန်မာ Exporter များနှင့် ပြည်ပမှ Buyer များအတွက် သတင်းအချက်အလက်များ ဖလှယ် နိုင်ရန်နှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ရည်မှန်းချက်ဖြစ်သော ပို့ကုန်များကို တိုးမြှင့်နိုင်ရေး အထောက်အပံ့ဖြစ်စေမည့် အဆိုပါ website ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အောက်ပါလုပ်ငန်းအဖွဲ့များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်-

(က) ဥပဒေ၊ မူဝါဒ၊ ဈေးကွက်သုတေသနစာတမ်းများ၊ trade data များနှင့် ပို့ကုန်လုပ်ငန်း ဆိုင်ရာပညာပေးလုပ်ငန်းအဖွဲ့

(ခ) Company Profiles များ၊ ပို့ကုန် Products သုတေသန စာတမ်းများနှင့် Regional trade centers များဆိုင်ရာ အချက်အလက်များ တင်ပြခြင်းလုပ်ငန်းအဖွဲ့

(ဂ) NES နှင့် စီးပွားရေးသံမှူးများဆိုင်ရာ သတင်းအချက်အလက် တင်ပြခြင်း လုပ်ငန်းအဖွဲ့

(ဃ) ပြည်တွင်း/ ပြည်ပကုန်စည်ပြပွဲ သတင်းအချက်အလက်များ တင်ပြခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့

(င) အမိန့်၊ ကြေညာချက် စသည့်အချက်အလက်များ တင်ပြခြင်း ဆိုင်ရာလုပ်ငန်းအဖွဲ့

(စ) website နှင့် ချိတ်ဆက်၍ Facebook လူမှုကွန်ယက် တင်ပြခြင်း လုပ်ငန်းအဖွဲ့

၁၂၀။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ Special Economic Zone (SEZ) website ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ SEZ Website တွင် ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ပြည်သူများသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ အသိပေးနိုင်ရေးအတွက် အဓိကအချက်အလက်များ တင်ပြနိုင်မည့် Menu များ တည်ဆောက် ရေးဆွဲခဲ့ပါသည်။

၁၂၁။ Myanmar SEZ Website ကို နိုင်ငံတကာအဆင့်ခေတ်မီပြီး အသုံးများသော Open Source Software နည်းပညာများဖြင့် တည်ဆောက်ထားပါသည်။ ခေတ်စနစ်နှင့်အညီပြောင်းလဲ သုံးစွဲလာတော့မည့် မိုဘိုင်းအင်တာနက် ဝန်ဆောင်မှုအတွက်ပါ ရည်ရွယ်၍ တည်ဆောက်ထားပါသည်။ ထည့်သွင်းတည်ဆောက်ထားသည့် Information Architecture များသည် Thilawa SEZ, Dawei SEZ နှင့် Kyauk Phyu SEZ စသည့် SEZ အားလုံးအတွက် ဖြစ်ပါသည်။

၁၂၂။ **Indicator** (၁၀)ခုနှင့် သက်ဆိုင်သည့်ဌာနများမှ ပေးပို့လာသည့် **Standard Operation Procedure** များကို www.myantrade.org Website တွင်တင်ပြခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

၁၂၃။ ကမ္ဘာ့ဘဏ်အုပ်စု၏ **International Finance Cooperation (IFC)** မှ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့(ရုံးလုပ်ငန်းအဖွဲ့) သို့ ၂၇.၁၂.၂၀၁၉ ရက်စွဲပါ **Myanmar Doing Business Website** တွင်သက်ဆိုင်ရာအညွှန်းကိန်းအလိုက် **Webpage** နမူနာပုံစံများကို ပေးပို့လာပါသည်။

၁၂၄။ သက်ဆိုင်ရာ အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့များမှ ပြန်လည်ပေးပို့လာ သည့် **Webpage** နမူနာပုံစံများကို ဝန်ကြီးရုံးသို့တင်ပြခဲ့ရာ ဒုတိယဝန်ကြီးက "ပြင်ဆင်ထည့်သွင်းရန်နှင့် **PSD** ဥက္ကဋ္ဌထံ တင်ပြပြီး

Launching Ceremony ပြုလုပ်ရန် ဖြစ်နိုင်ပါက **UMFCCI** နှင့် **PPD** အစည်း အဝေးကာလ” ဟု ညွှန်ကြားမှုပြုပါသဖြင့် စိစစ်တင်ပြရန် ဝန်ကြီးရုံး၏ ၅.၃.၂၀၁၉ ရက်နေ့ ရက်စွဲပါစာအမှတ် စက-၄၅/၂/၄/(၃)/၂၀၁၉ (၂၉၂) ဖြင့် အကြောင်းကြားလာပါသည်။

၁၂၅။ ကမ္ဘာ့ဘဏ်အုပ်စု **International Finance Corporation (IFC)** ၏ စီစဉ်မှုဖြင့် **Myanmar Doing Business Website** အတွက် **Content Management** ကိုကိုင်တွယ်မည့် သူများအား **Information Matrix Co., Ltd.** မှ ၂၄.၄.၂၀၁၉ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) တိုးချဲ့ဆောင်ခန်းမ၊ နေပြည်တော်တွင် သင်တန်းပို့ချပေးခဲ့ ပါသည်။

၁၂၆။ **Ease of Doing Business** တိုးတက်စေရေးအတွက် ကမ္ဘာ့ဘဏ် အုပ်စုနှင့် **Information Matrixs** တို့၏ အကူအညီတို့ဖြင့် **Ease of Doing Business** နှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် **Online** စနစ် ကောင်းမွန် စွာအသုံးပြုနိုင်ရေးနှင့် **E-Government** တိုးတက်ကောင်းမွန်စေရေးအတွက် **Myanmar Doing Business Website** ဖြစ်သည့် **www.myanmardoing business.org** ကိုထူထောင်ပြီး ၂၇.၄.၂၀၁၉ ရက်နေ့ ရန်ကုန်မြို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် တွင် **Launching** ပြုလုပ်ခဲ့ပါသည်။

၁၂၇။ ယခုအခါ **www.myanmardoingbusiness.org** တွင် သက်ဆိုင်ရာ အညွှန်းကိန်းဆိုင် ရာ အထောက်အကူပြုအဖွဲ့များမှ ပေးပို့လာသည့် **English**၊ မြန်မာ နှစ်ဘာသာဖြင့် ပြုစုထားသည့် ပြုပြင်ပြောင်းလဲမှုများကို **Doing Business** ရုံးလုပ်ငန်းအဖွဲ့မှ တဆင့် **(IFC)** သို့ပေးပို့ခဲ့ပြီး **www.myanmar doingbusiness.org** တွင် လွှင့်တင်နိုင်ရေးအတွက် **Information Matrix Co., Ltd.** မှ စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၁၂၈။ ဌာနတွင် လက်ရှိအသုံးပြုနေသော Network Point များသည် သက်ဆိုင်ရာဌာနများ အတွင်းကြားခံ Switch များခံ၍ အသုံးပြုထားရသဖြင့် speed နှေးကွေးခြင်းနှင့် ဌာနတွင်း သွယ်တန်းထားသော Network ကြိုးများ ရှုပ်ထွေးမှုများကြောင့် Network Point (100) ဖြည့်တင်းတပ်ဆင်ခြင်း လုပ်ငန်းများကို နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန(MITC) တွင် ဆောင်ရွက်ခဲ့ပါသည်။

၁၂၉။ ဌာနရှိကွန်ပျူတာ Hardware များပျက်စီးမှုမှ ကြိုတင်ကာကွယ် ခြင်း၊ Operating System များ ပုံမှန်လည်ပတ်ရေးနှင့် စနစ်များ စွမ်းဆောင် ရည် လျော့ကျမသွားရေး ကာကွယ်ပေးရန် လိုအပ်ခြင်း၊ Virus အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် ထည့်သွင်းထားသော Anti-Virus Software များ ကို ပုံမှန် Update ပြုလုပ်ပေးခြင်း၊ Virus များတွေ့ရှိပါကဖယ်ရှားပေးခြင်း၊ အချက်အလက်များ မဆုံးရှုံးစေရန် ပုံမှန် Backup ပြုလုပ်ပေးခြင်း၊ အင်တာနက် ချိတ်ဆက်ထားသော ကွန်ပျူတာများကို ပြင်ပတိုက်ခိုက်မှုများမှ ကာကွယ်နိုင် ရန် စီမံဆောင်ရွက်ခြင်း စသည့် Network နှင့် ကွန်ပျူတာများ ပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ

၁၃၀။ ၂၀၁၆ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည် ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၁၆) ၏ သဘောတူညီချက်အရ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကို ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ အရာထမ်းရာထူး (၁၂၄) နေရာ၊ အမှုထမ်း ရာထူး (၂၂၆)နေရာ ၊ စုစုပေါင်းရာထူး (၃၅၀) နေရာဖြင့် ဌာနခွဲ (၆)ခုပါဝင် ဖွဲ့စည်းခဲ့ပါသည်။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တွင် ကနဦးအင်အား အနေဖြင့် အရာထမ်း(၆၅)ဦး၊ အမှုထမ်း(၁၁၅)ဦး၊ စုစုပေါင်း (၁၈၀) ဦးဖြင့် လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်ခဲ့ပါသည်။

၁၃၁။ ယခု ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂)ရက်နေ့တွင် အသစ်ခန့်ဝန်ထမ်းများ၊ ဌာနပြောင်းရွှေ့ဝန်ထမ်းများအပါအဝင် အရာထမ်း(၇၆)ဦး၊ အမှုထမ်း(၁၄၁)ဦး၊ စုစုပေါင်း (၂၁၇)ဦးဖြင့် တာဝန်များကို ဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းများအား ရာထူးအလိုက်အဆင့်ဆင့် ရာထူးများတိုးမြှင့်ပေးခြင်း၊ ထပ်မံခန့်ထားခြင်းများကိုဆောင်ရွက်ခဲ့ပါသည်။

၁၃၂။ ထို့ပြင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ မိမိဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန်လည်းကောင်း၊ အတွေ့အကြုံဗဟုသုတများ တိုးတက်စေရန် လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်ရည်ရွယ်၍ လည်းကောင်း၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းသင်တန်းများ၊ ပြည်ပသင်တန်းစေလွှတ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ပြည်တွင်းသင်တန်းသို့ အရာထမ်း (၇၉)ဦး၊ အမှုထမ်း(၁၇၇) ဦး၊ စုစုပေါင်း (၂၅၆)ဦး ၊ ပြည်တွင်းဆွေးနွေးပွဲသို့ အရာထမ်း (၁၂၁)ဦး၊ အမှုထမ်း(၅၁)ဦး၊ စုစုပေါင်း (၁၇၂)ဦး နှင့် ပြည်ပသင်တန်းသို့အရာထမ်း (၃၃) ဦး ၊ အမှုထမ်း(၅) ဦး၊ စုစုပေါင်း(၃၈) ဦး၊ ပြည်ပ ဆွေးနွေးပွဲသို့ အရာထမ်း(၅၆) ဦး၊ အမှုထမ်း (၃) ဦး၊ စုစုပေါင်း(၅၉) ဦး နှင့် ပြည်ပပညာတော်သင် အရာထမ်း (၂) ဦး ၊ အမှုထမ်း (၂) ဦး၊ စုစုပေါင်း (၄) ဦး စေလွှတ်ခဲ့ပါသည်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့်ရုံးလုပ်ငန်းလက်စွဲအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၇)ဖွင့်ပွဲအခမ်းအနား

အဆောက်အဦပြင်ဆင်ခြင်းနှင့် အသစ်ဆောက်လုပ်ခြင်း

၁၃၃။ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အထိ (၃) နှစ်တာကာလအတွင်း အဆောက်အဦပြင်ဆင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်း လုပ်ငန်းများအား အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်–

(က) ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်တွင် ရုံးအမှတ် (၅၂) တွင် (၂) ထပ်တိုးချဲ့ဆောင် အဆောက်အဦ (၄၅'x၃၀'x၂၁') ကို ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်း၊ ရန်ကုန်မြို့၊ ရောမြေအဆောက်အဦအမိုးများ၊ မျက်နှာကျက်၊ လျှပ်စစ်လိုင်း၊ ရေပိုက်လိုင်းများ ပြန်လည်ပြုပြင်ခြင်း၊ တတိယ ထပ်နံရံပြင်ဆင်ခြင်း၊ ပြတင်းပေါက် (၂၄)ခု၊ ကြမ်းအခင်းများ ပြန်လည်ကွန်ကရစ်လောင်းပြုပြင်ခြင်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ မောရဝတီကုန်သွယ်မှုဗဟိုဌာန၊ ရုံးပြန်လည်ပြင်ဆင်ခြင်း၊ အမိုးများ၊မျက်နှာကျက်၊ လျှပ်စစ်လိုင်း၊ ရေပိုက်လိုင်းများ ပြန်လည်ပြုပြင်ခြင်း၊ ကွန်ကရစ်လောင်းပြုပြင်ခြင်း၊ ရန်ကုန်တိုင်း၊ ရန်ကုန်မြို့၊ စက်ဆန်းဝင်းအတွင်းရှိ သိုလှောင်ရုံ(၃)လုံးအား အမိုးများ၊ မျက်နှာကျက်များနှင့် အခန်းဖွဲ့စည်းမှုများ ဆောင်ရွက်/ ပြုပြင်ခြင်း၊ GRF မှ ပြန်လည်သုံးစွဲခွင့်ပြုသည့် ရန်ကုန်တိုင်းဒေသကြီး၊ ရောမြေ(၃)ထပ် အဆောက်အဦ ဆေးသုတ်ခြင်းနှင့် level-2 ထပ်တိုး ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ပါသည်။

(ခ) ထို့အပြင် လယ်ဝေးဝန်ထမ်းအပျိုဆောင် (၁၂၀' x ၄၀' x ၁၂') တိုးချဲ့ပြုပြင်မွမ်းမံ တည်ဆောက်ခြင်း၊ ရုံးအမှတ် (၅၂) ကားပါကင်ဘေးတွင် အဆောက်အဦ (၅၄' x ၁၂' x ၁၁') (၁) လုံး၊ နှစ်လုံးတွဲ အိမ်သာ (၈'x၅'x၇' ၄") (၁) လုံး နှင့် မီးသတ်ရေကန် (၈' x ၄' x ၄') (၁) ကန် တည်ဆောက်ခြင်းနှင့် ပုသိမ်မြို့၊ ရောကုန်သွယ်မှုဗဟိုဌာန (၆၅' x ၃၅' x ၁၃') အဆောက်အဦ (၁) လုံး တိုးချဲ့ပြုပြင် တည်ဆောက် ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဂ) ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) (၆) လပတ်တွင် ရန်ကုန်မြို့၊ ကုန်သည်လမ်းနှင့်ဗိုလ်ဆွန်ပတ်လမ်းထောင့်ရှိ အမှတ် (၆၂၂/၆၂၆) ရောမြေ (၃)ထပ် အဆောက်အဦမှ ပထမထပ် (မြေညီထပ်) အား ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ရုံးအမှတ် (၃) စက်သုံးဆီသိုလှောင်ရုံ (အလျား ၅၀ ပေ x အနံ ၃၀ ပေ x အမြင့် ၁၁ ပေ) အဆောက်အဦ (၁) လုံး တည်ဆောက်ခြင်းလုပ်ငန်းများ၊ ရုံးအမှတ် (၃) ကားပါကင် (အလျား ၈၀ ပေ x အနံ ၁၅ ပေ x အမြင့်၁၂ ပေ) (၁) ခုနှင့် (အလျား ၁၁၀ ပေ x အနံ ၁၅ ပေx အမြင့် ၁၂ပေ) (၂) ခု စုစုပေါင်း (၃) ခု၊ Steel Structure အဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်းများ၊ ရုံးအမှတ်(၃) မော်တော်ယာဉ်ကားပါကင်နှင့် ရုံးအကြား ကွန်ကရစ်လမ်းသစ် ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်း (၅)ခု တည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်။

၁၃၄။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (မူလ) ခွင့်ပြုရန်ပုံငွေဖြင့် ရုံးအမှတ် (၃) အနီး (၁၅၀ပေ x ၆၀ပေ x ၃၈ ပေ) RC (၃) ထပ်ရုံးသစ် အဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

myantrade
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
Ministry of Commerce
Myanmar Trade Promotion Organization

၂၇.၁၁.၂၀၁၉

၂၇.၁၁.၂၀၁၉

၂၇.၁၁.၂၀၁၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ရုံးသစ်(၃)ထပ်အဆောက်အအုံ ဖွင့်ပွဲ
၂၇.၁၁.၂၀၁၉
နေပြည်တော်

Ministry of Commerce
Myanmar Trade Promotion Organization

Ministry of Commerce
Myanmar Trade Promotion Organization

၁၃၅။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် (၃)နှစ်တာ ကာလအတွင်း ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများကို တစ်စိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါသည်။ ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများ အတွက်ဆောင်ရွက်ရာတွင် ပို့ကုန်သုံးဆ မြင့်မားရေးကိုအခြေခံပြီး ဌာန၏မျှော်မှန်းချက်ဖြစ်သော ပို့ကုန် ဦးဆောင်သော ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာကို ကျင့်သုံး၍ မြန်မာ့စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးခြင်းဖြင့် မြန်မာနိုင်ငံအား ဒေသတွင်းကုန်သွယ်မှု၌ ယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံတစ်နိုင်ငံဖြစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဒေသအတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိလာပါက နိုင်ငံတကာကုန်သွယ်မှုတွင်လည်း ကောင်းစွာဆောင်ရွက်နိုင် မည်ဟုယုံကြည်ပါသည်။ ဌာန၏ ဝန်ထမ်းများအားလုံးအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မိခင်ဌာနဖြစ်သော မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ မျှော်မှန်းချက်များကို တာဝန်ကျေပွန်ရုံမျှမက နိုင်ငံတော်၏ ကုန်သွယ်မှုတွင် အရေးပါသော မရှိမဖြစ်သော ဌာနနှင့်ဝန်ထမ်းများဖြစ်စေရန်၊ စိန်ခေါ်မှုအရပ်ရပ်ကို အခွင့်အလမ်းများအဖြစ် ဖမ်းဆုပ်နိုင်ရန်နှင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားရန် သန္နိဌာန်ချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။